လုပ်ငန်းကမ္ဘာ

International Labour Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

## ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# လုပ်ငန်းကမ္ဘာ

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြှင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။
အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။

**ဦးတည်ချက်။** လုပ်ငန်းကမ္ဘာအကြောင်းနှင့် ကလေးအလုပ်သမား
အပိုင်းအမျိုးမျိုးပေါ်တွင် ယင်း၏ မည်သည့်အကျိုးသက်ရောက်မှုရှိသည်
ကိုလေ့လာသင်ယူရန်။ ကလေးအလုပ်သမားအကြောင်း ဆွေးနွေးအဖြေ ရှာ
ရမည့်ကိစ္စရပ်အပေါ်အာရုံစိုက်လာရန် လူမှုမိတ်ဘက်အဖွဲ့အစည်းများဖြင့်
ဆက်သွယ်ခြင်းနှင့်ယင်းပပျောက် ရေးအတွက် တာဝန်ခွဲဝေခြင်း။
ကလေးအလုပ်သမားအကြောင်း သုံးပွင့်ဆိုင်ဆွေးနွေးရန်စေ့ဆော်မှုပြုခြင်း။





**အကျိုးရလဒ်။** လူမှုအဖွဲ့အစည်းအမျိုးမျိုး
ပါဝင်နိုင်သောအခန်းကဏ္ဍများနှင့် ကလေးအလုပ်သမား ပပျောက်ရေးတွင်
၎င်းတို့မည်သို့ပါဝင်လုပ်ဆောင်နိုင်သည်ကို ပိုမိုနက်ရှိုင်းစွာနားလည်လာမည်။
ရံပုံငွေရှာ ခြင်း၊ အသိတရားတိုးမြှင့်ခြင်းနှင့် ရပ်ရွာပူးပေါင်းခြင်း တို့အတွက်
စွမ်းဆောင်ရည် တိုးမြှင့်လာမည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုကိုဆန်းသစ်ရေးသားခြင်း၊ သုတေသနနှင့်သတင်းအချက်အလက်၊
တွေ့ဆုံမေးမြန်း ခြင်းနှင့်စူးစမ်းလေ့လာခြင်း၊စကားရည်လုခြင်းနှင့်လူ ထုဆက်
သွယ်ရေး လုပ်ငန်းစုများပေါ်အခြေခံ ထားပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းစု
များဆောင်ရွက်ပြီးမှ ဤလုပ်ငန်းစုကို စတင်သင့်သည်။ ရပ်ရွာအဖွဲ့အစည်းများ
မည်သို့ဆောင်ရွက်ကြသည်၊ ရပ်ရွာအဖွဲ့အစည်းများအတွင်းမှ ကိစ္စရပ် အမျိုးမျိုးမည်သို့တုံ့
လှယ်ကြသည်ကို လူရွယ်များသိရှိနားလည်စေရန် ဆောင်ရွက်ရာတွင် လုပ်ငန်းကမ္ဘာသည်
အရေးကြီးသောလုပ်ငန်းစုဖြစ်သည်။ မည်သို့ဆိုစေ လေ့ကျင့်ခန်းများမှ အကောင်းဆုံး
သင်ယူရရှိသွားစေရန် အသိဉာဏ်ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အဆင့်တစ်ခု အထိ
ရရှိတတ်ကျွမ်းသည်အထိ စောင့်ဆိုင်းရန် လိုသည်။

လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရကြား ဆက်ဆံရေးနှင့် ၎င်းတို့အနေဖြင့်
လူသားချင်း စာနာထောက်ထားမှု သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးအဖြေရှာရမည့်
ကိစ္စရပ်များအနက် မည်သည်တို့ကို အဓိကဦးစားပေးခဲ့သည်တို့ကို သိနားလည်သွားစေရန်
သုတေသနနှင့် သတင်း အချက်အလက်လုပ်ငန်းစုကဖြည့်ဆည်း ပေးခဲ့ပြီးဖြစ်ဖြစ်သည်။
လုပ်ငန်းကမ္ဘာမှ အဓိကပုဂ္ဂိုလ် များဖြင့် ဆက်သွယ်မှုပြုရန်အတွက် တွေ့ဆုံမေးမြန်းခြင်းနှင့်
စူးစမ်းလေ့လာခြင်းလုပ်ငန်းစုက တိုက်တွန်းခဲ့မည်ဖြစ်သည်။ ၎င်းတို့၏ စာပေရေးသားခြင်း၊
ကျွမ်းကျင်မှု ကို ဆန်းစစ်ရေးသားခြင်း လုပ်ငန်းစုက ကူညီမှုပေးခဲ့မည်ဖြစ်သည်။
လူထုဆက်သွယ်ရေး လုပ်ငန်းစုက ၎င်းတို့၏ ဆက်သွယ်ပြောဆိုခြင်း ကျွမ်းကျင်မှုရှိရန်
ကူညီသည်။ ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များ ကို မည်သို့ငြင်းဆိုရမည်ဆို
သည်ကိုထက်မြက်ရန်စကားရည်လုခြင်းလုပ်ငန်းစုက  သွေးပေးခဲ့ သည်။ ယင်းတို့ကို
ပရိသတ်အားသက်ဝင်မှု ရှိလာရန်တင်ပြနိုင်ခဲ့သည်။ ထိုလုပ်ငန်းတွင်လုပ်ငန်း ကမ္ဘာမှ
ကိုယ်စားလှယ်များပါကောင်းပါမည် ဖြစ်သည်။

## စေ့ဆော်မှု



ကုလသမဂ္ဂအဖွဲ့၏စနစ်ထဲတွင် အိုင်အယ်လ်အို သည်ထူးခြားမှုရှိသည်။ ယင်း၏ဖွဲ့စည်းပုံတွင် အဖွဲ့ဝင်နိုင်ငံ အစိုးရများကို သာမက အလုပ်သမားများနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၏ အဖွဲ့အစည်းများကို လည်းထည့် သွင်းသည်။ ထိုဖွဲ့စည်းပုံကို သုံးပွင့်ဆိုင်ဟု သိထားကြသည်။ လုပ်ငန်းနေရာများ စံသတ်မှတ်ခြင်းများနှင့် ကမ္ဘာအနှံ့ အလုပ်သမားများအခွင့်အရေး တားဆီးကာကွယ်ရေးတို့တွင် အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အစိုးရများ ပါဝင်ဆောင်ရွက်ရာတွင် လူမှုမိတ်ဖက်အဖွဲ့များက အိုင်အယ်လ်အိုဖြင့် အထူးဆက်နွယ်မှုရှိခြင်းကို သုံးပွင့်ဆိုင်ဂါဒက ရည်ညွှန်းသည်။ သုံးပွင့်ဆိုင်ဝါဒသည် လူမှုအဖွဲ့အစည်း တည်ငြိမ်ရေးအတွက် ဗဟိုချက်မ ဖြစ်ရုံမျှမက ဖွံ့ဖြိုးမှုနှင့်ကြီးထွားမှုတည်မြဲရေးအတွက်လည်းအရေးပါသည်။ ဤအပိုင်းတွင်ကလေးအလုပ်သမား အရေးဆွေးနွေးအဖြေရှာစရာကိစ္စရပ်များကို အထူး အာရုံစိုက်ရမည် ဖြစ်သည်။

အိုင်အယ်လ်အို သည် သုံးပွင့်ဆိုင်ဝါဒကို အဖွဲ့ဝင်နိုင်ငံများအတွင်း ကျင့်သုံးရန်လည်း အားပေးသည်။ ယင်းကို အလုပ်သမားများ၊အလုပ်ရှင်များနှင့်အစိုးရများကြား "လူမှုရေးဆိုင်ရာအပြန်အလှန်ဆွေးနွေးခြင်း" ကို မြှင့်တင် ပေးခြင်းဖြင့်ဆောင်ရွက်သည်။ ထိုသုံးပွင့်ဆိုင်အတွင်း ဆွေးနွေးခြင်းနှင့် ညှိနှိုင်းသဘောတူညီမှုရယူခြင်းကို လူမှုရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးခြင်းဟုခေါ်သည်။ သုံးပွင့်ဆိုင်သည် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများ ဖြစ်သည်။ မတူးခြားနားသော အဖွဲ့များအတွင်းအမြင်များကို ဖလှယ်ခြင်းကို "အပြန်အလှန်ဆွေးနွေးခြင်း" ဟုခေါ် သည်။ အဖွဲ့များသည် အခြေအနေတစ်ရပ်၊ ကိစ္စရပ်တစ်ခု သို့မဟုတ် စီးပွားရေးဆိုင်ရာဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ် သို့မဟုတ် လူမှုဆက်ဆံရေး အခြေအနေအပေါ် သဘောတူညီမှု ရရှိရန် ပြုလုပ်ခြင်း ဖြစ်သည်။ 'လူမှုရေး' သည် လူမှုမိတ်ဖက်အဖွဲ့များ ပါဝင်မှုကို ရည်ညွှန်းသည်။ အပြန်အလှန်ဆွေးနွေးခြင်းသည် လူမှုအဖွဲ့အစည်း အကျိုးအတွက်ဟုလည်း ပြောနိုင်သည်။

အလားတူပင် နိုင်ငံတစ်ခုတွင် နေထိုင်နေသော လူရွယ်များနှင့် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်များ ကြား လူမှုရေးဖလှယ်မှုကို တိုးတက်စေရန်လည်း ဤလုပ်ငန်းစုက ဦးတည်သည်။ ပညာပေးလုပ်ငန်းစဉ်၏ အစိတ် အပိုင်း တစ်ခုမှာ လုပ်ငန်းကမ္ဘာ မည်သို့လုပ်ဆောင်နေသည်ကို သိရှိနားလည်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများအတွင်း ဖြစ်ပျက်နေသောအရာအတွက်တာဝန်များမည်သို့ရှိသည်ကိုလည်း သိရှိနားလည် စေရန်ဖြစ်သည်။ အုပ်ချုပ်မှုစနစ်၊ လူမှုရေးအကျိုးတူဆောင်ရွက်မှု၊ အလုပ်သမားနှင့် အလုပ်ရှင်များကို ကိုယ်စားပြုမှု အစရှိသည်တို့သည် နိုင်ငံတစ်ခုနှင့်တစ်ခုခြားနားနေသည်ကိုအမြဲ

သတိထားပြီး ကျွန်ုပ်တို့ ဤလုပ်ငန်းစု များကို ပြုစုထားပါသည်။ ဤလုပ်ငန်းစုတွင် ဖော်ပြသော ဖွဲ့စည်းပုံနှင့်စနစ်များသည် သင့်နိုင်ငံတွင် ဖြစ်ပျက် နေမှုများကိုရည်ညွှန်းခြင်းမဟုတ်ပါ။သို့သော်ဤသို့ဖြစ်သဖြင့်ဤလုပ်ငန်းစုတွင်ဖော်ပြထားသော လုပ်ငန်းများကို ဆောင်ရွက်အကောင်အထည်ဖော်ရာတွင်ထိပါးမှုရှိမည်မဟုတ်ပါ။ သုံးပွင့်ဆိုင်ပုံစံကိုစဉ်းစားရာတွင် သင့်အနေဖြင့် လိုအပ်သည့်နေရာတွင်အဆင်ပြေစွာညှိယူရန်လိုမည်ဖြစ်သည်။ သို့မှသာလူမှုရေးဆိုင်ရာဒီမိုကရေစီ မြှင့်တင်ရေးသမားအဖြစ် သင့်အနေဖြင့် သုံးပွင့်ဆိုင်ပုံစံကိုပိုမိုစိတ်ဝင်စားမှုရှိလာမည်ဖြစ်သည်။ ဤလုပ်ငန်းစုသည် ပုံစံကို သင်နားလည်လိုသလိုနားလည်သဘောပေါက်မှု ရှိစေရန်အထောက်အကူဖြစ်မည် ဖြစ်သည်။ အိုင်အယ်လ်အို တွင် နောက်ထပ်သိလိုသော သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။

ကလေးအလုပ်သမားအကြောင်း အသိတရားတိုးပွားလာရေးလုပ်ငန်းစဉ်နှင့် ယင်းအတွက်တစ်ခုခုလုပ်ရာတွင် အားလုံးပါဝင်မှု ရှိရသည်။ ရပ်ရွာအတွင်း ဆောင်ရွက်သူများနိုင်သမျှများများပါဝင်စေရသည်။ မတူခြား နားမှုကို မြန်မြန်ဆန်ဆန်ပြုလုပ်နိုင်သူများ အထူးသဖြင့်ပါဝင်စေရမည်။ ၎င်းတို့မှာအစိုးရများ၊ အလုပ်သမား သမဂ္ဂများနှင့် အလုပ်ရှင်များဖြစ်သည်။ လူရွယ်များအား ကလေးအလုပ်သမားအကြောင်း အသိဉာဏ်ဗဟုသုတ တိုးပွားစေရန် လုပ်ဆောင်ပေးခြင်းနှင့် ယင်းအသိဉာဏ်ဗဟုသုတကို ဖြန့်ဝေရန်နည်းများကိုပေးရုံဖြင့်မလုံလောက်ပါ။ ကလေး အလုပ်သမားနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာစရာများကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြရန်နှင့် စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများအတွင်းမည်သို့ လုပ်ကိုင်နေကြသည်ကိုလည်းလူရွယ်များ သင်ယူတတ်မြောက်စေရန် တိုက်တွန်းရန်လိုနေသေးသည်။ယင်းသည် ၎င်းတို့လုပ်ငန်းများလှုပ်ရှားဆောင်ရွက်ရာတွင် အဓိကဦးတည်ထား ရမည့်သူများကိုဖော်ထုတ်နိုင်ရန် အထောက်အကူ ပေးနိုင်သည်။ သို့မှသာ အသိတရား တိုးပွားရေးအတွက် ကြိုးပမ်းမှုကို ပံ့ပိုးပေးပြီး လုပ်ကိုင်မှု တိုးမြှင့်နိုင်မည်။

အကယ်၍ သင့်နိုင်ငံတွင် ကလေးအလုပ်သမားရှိနေခဲ့လျှင် အစိုးရ၊ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အခန်းကဏ္ဍမှာ ကလေးများကို အလုပ်နေရာများမှ ဖယ်ထုတ်ခြင်းနှင့် ၎င်းတို့ကို ပြန်လည်ထူထောင်မှု ပေးခြင်း၊ ပညာရေးအတွက်ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့နှင့် ၎င်းတို့မိသားစုများအတွက် သာယာဝပြောရေး ကို ဆောင်ရွက်ပေး ခြင်းတို့တွင် အတူတကွ လုပ်ဆောင်ခြင်းဖြစ်သည်။ အကယ်၍ သင့်နိုင်ငံတွင် မရှိခဲ့လျှင် (အမှန်ဆိုလျှင် ရှိပါသည်။ ပုံစံတမျိုးမျိုးဖြင့် ဖြစ်သည်။ယင်းသည် တကမ္ဘာလုံးတွင် နိုင်ငံအများအပြား၌ ရှိပါသည်) လည်း ယင်းသည် ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ် ဖြစ်ပါသည်။ အစိုးရ၊ အလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် ယင်းကိစ္စကို အလေးထားရန်နှင့် ကမ္ဘာ့အနှံ့ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် ၎င်းတို့၏ ပံ့ပိုးမှု လိုနေသေး၍ ဖြစ်သည်။ ယင်းကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်ပါသည်။ အောက်ပါလုပ်ငန်းများတွင် ရှင်းပြထားပါသည်။

ကမ္ဘာ့အနှံ့ ကလေးအလုပ်သမားပပျောက်ရေးလှုပ်ရှားမှုတွင် ပါဝင်သူအမျိုးမျိုး မည်သို့ ဆောင်ရွက်နိုင်သည်ကို ဤလုပ်ငန်းစုက လူငယ်များအား အသိပေးပါသည်။ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတွင် ထို ပုဂ္ဂိုလ်တို့၏ အခန်းကဏ္ဍများကို ရှင်းပြထားပါသည်။ လူငယ်များအား ထိုအကျိုးတူဆောင် ရွက်မည့်သူများဖြင့် ခိုင်မာစွာ နှင့် နီးနီးကပ်ကပ်ဆက်ဆံနိုင်ရေးအတွက်လည်းအ ကူအညီပေးပါသည်။ နောက်ဆုံးအနေနှင့် ၎င်းတို့၏ စီမံချက် အကြောင်းကို ထို အကျိုးတူဆောင်ရွက်မည့်သူများအား အသိပေးရာတွင် အကူအညီ ပေးပါသည်။ ထိုပုဂ္ဂိုလ်များ ၏အထောက်အပံ့နှင့်အကူအညီများ တောင်းခံနိုင်ရန်လည်း ကူညီပေးပါသည်။ ယင်းသည် ၎င်းတို့၏ လူမှုရေး ဖွံ့ဖြိုးမှုအတွက် နောက်အဆင့်တစ်ခုဖြစ်ပါသည်။ တာဝန်ယူလာရေးလုပ်ငန်းစဉ်အတွက် လည်း ဖြစ်ပါသည်။ ရပ်ရွာအတွင်း လူမှုအဖွဲ့အစည်း သက်ဝင်လှုပ်ရှားလာစေရေး ကိုယ်စားလှယ်များလည်း ဖြစ်လာစေပါသည်။

## ကြိုတင်ပြင်ဆင်ခြင်း



သုံးပွင့်ဆိုင်ဖွဲ့စည်းမှု ဖြစ်လာစေခြင်းတွင် ပါဝင်သူများ၏ နောက်ခံသမိုင်းနှင့် ယင်းစနစ်သည် သင့်နိုင်ငံတွင် မည်သို့ ဆောင်ရွက်သည်ကို သုတေသန အချို့ပြုခြင်းကို ဤလုပ်ငန်းစု မစတင်မီ ဆောင်ရွက်နိုင်လျှင် ကောင်းပါသည်။ ပါဝင်သူများမှာ အစိုးရများ၊ အလုပ်သမားသမဂ္ဂများနှင့် အလုပ်ရှင်များ အဖွဲ့အစည်းများ၊ ဖြစ်ပါသည်။ ယင်းတို့ထဲမှ တစ်ဖွဲ့ဖွဲ့က လူငယ်များအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း ရှိ မရှိ သိရန် လုပ်ပါ။ ဥပမာ - အလုပ်သမားသမဂ္ဂအများအပြားသည် ကျောင်းများတွင် လူငယ်များအတွက် အစီ အစဉ်များဆောင်ရွက်ပေးပါသည်။ သို့မဟုတ် လူငယ်များ၏အခွင့်အရေး နှင့်ပတ်သက်၍လူငယ်များကို အသိပေး ခြင်းမျိုး ဖြစ်သည်။ သမဂ္ဂတွင်ပါဝင်၍ ရနိုင်သည့်အကျိုးအမြတ်များနှင့် သမဂ္ဂများအနေဖြင့် လူငယ်များအတွက် ဝန်ဆောင်မှုပေးသည့်ပုံစံများကို အသိပေးခြင်း ဖြစ်သည်။ ယင်းအကျိုး တူဆောင်ရွက်သည့် အဖွဲ့တစ်ခုချင်းစီမှ ကိုယ်စားလှယ်များကို သင့်အုပ်စုအား လာရောက်ပြောကြားပေးရန် သင့်အနေဖြင့် ဖိတ်ကြားနိုင်ပါသည်။

## ပြင်ပအထောက်အကူ

သင့်အနီးဆုံးပတ်ဝန်းကျင် ဥပမာ - စာသင်ကျောင်း၊ မိဘများအဖွဲ့ သို့မဟုတ် ဒေသတွင်းရှိ ရပ်ရွာမှ အစိုးရ၊ အလုပ်သမား သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့များနှင့် သိသောသူများဖြင့် အဆက်အသွယ်ရှိသူကိုသိရန် လုပ်ပါ။ ထိုပုဂ္ဂိုလ်များအနေဖြင့် ဤလုပ်ငန်းစုတွင် အကူအညီပေးနိုင်မည် ဖြစ်သည်။ သို့မဟုတ် ၎င်းတို့၏အလုပ်အကြောင်း သင့်အုပ်စုကို လာရောက်ဟောပြောနိုင်မည် ဖြစ်သည်။

သင့်အနေဖြင့် သမားရိုးကျပညာသင်ကြားရေးတွင် ဆောင်ရွက်နေသည်ကို မမေ့သင့်ပါ။ ကျောင်းတွင်းရှိ စာသင် ဆရာဆရာမသည် ဆရာဆရာမများအဖွဲ့အစည်းတွင် အဖွဲ့ဝင်ဖြစ်နိုင်ပါသည်။ ကျောင်းမှ ကိုယ်စား လှယ်အား ၎င်းတို့၏ အဖွဲ့အစည်းမည်သို့ ပါဝင်နိုင်သည်ကို ပြောပြပါ။ နှစ်ဦးနှစ်ဖက် စိတ်သဘောချင်း တူညီသော အရာကို ဖေါ်ထုတ်ပြီး တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် သင့်အုပ်စုအား လာရောက် ဟောပြော ပေးနိုင်ခြင်း ရှိ မရှိ မေးပါ။



## သင်လိုအပ်မည့် အရာ







- ✓ - စာရွက်နှင့် ကလောင်တံ သို့မဟုတ် ခဲတံ
- ✓ - ကျောက်သင်ပုန်း၊ သင်ပုန်းဖြူ သို့မဟုတ် စက္ကူစာရွက်ကြီး
- ✓ - ပရိုဂျက်တာ
- ✓ - ဖြစ်နိုင်လျှင် တယ်လီဖုန်း တစ်လုံး ရှိရန်

## အစပျိုးခြင်း

လုပ်ငန်းစုဆောင်ရွက်ပုံသည် အုပ်စုနှင့် ၎င်းတို့၏ စိတ်ဝင်စားမှု၊ လုပ်ငန်းကမ္ဘာသုံးခု အဖွဲ့မှ ကိုယ်စားလှယ်များ လာရောက်နိုင်မှုတို့အပေါ် အလွန်မူတည်ပါသည်။ ယင်းအုပ်စုများထဲမှ တစ်ဖွဲ့ဖွဲ့အား အဘယ်ကြောင့် အဆက် အသွယ်ပြုရမည်၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များမှာ မည်သည်တို့ ဖြစ်ရမည်တို့ကို အုပ်စု အနေဖြင့် စဉ်းစား ရန် လိုပါမည်။ အားလုံးဖြင့် အဆက်အသွယ်ပြုနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ အဖွဲ့ တစ်ဖွဲ့ချင်းစီသည် လူမှုစီးပွားရေး ပတ်ဝန်းကျင်တွင် တမျိုးစီပါဝင်ကြပြီး တစ်ဖွဲ့ချင်းစီသည် တာဝန်တစ်မျိုးစီ ရှိနေကြသောကြောင့် ဖြစ်သည်။



အဆက်အသွယ်ပြုသည့်ကိစ္စရပ်တိုင်းတွင် သင့်အုပ်စုအား ပါဝင်ပါစေ။ အစိုးရပြန်ကြားရေးရုံးများ၊ အလုပ် သမားသမဂ္ဂများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ဒေသတွင်းစီးပွားရေးသမားများ

အလုပ်ရှင်များအဖွဲ့အစည်း များ၊ အသင်းများ၏ ရုံးသို့ ဖုန်းဆက်ခြင်း သို့မဟုတ် ၎င်းတို့ထံစာရေးသားခြင်းတွင် ၎င်းတို့ကို ဆောင်ရွက်ရန် တိုက်တွန်း ကူညီပေးပါ။ စာပို့ပြီးလျှင် ဖုန်းဆက်ပြီး မေးစေရမည်။ အုပ်စုကို အုပ်စုငယ်များခွဲပြီး တစ်ဖွဲ့စီကို သီးခြားဌာနများသို့ အဆက်အသွယ် ပြုစေနိုင်ပါသည်။ အစိုးရ သို့မဟုတ် အလုပ်သမား သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်းများဖြစ်သည်။ ဤသို့လုပ်ခြင်းသည် ကိစ္စရပ်တော်တော်များများတွင် ဆောင်ရွက်ရန်အကောင်းဆုံး ဖြစ်ပါသည်။ တက်ကြွမှုရှိစေပြီး အုပ်စုအတွင်း စိတ်ဝင်စားဖွယ် စကားအနိုင်ပြောဆိုမှုများ ရှိလာနိုင်၍ ဖြစ်သည်။

## အုပ်စုဖွဲ့ခြင်း

ပထမလုပ်ငန်းနှစ်ခုအတွက် အုပ်စုကြီးအရွယ်အစားပေါ် မူတည်ပြီး အဖွဲ့သုံးဖွဲ့ခွဲနိုင်လျှင် ကောင်းပါသည်။ တစ်ဖွဲ့စီကို အစိုးရဌာန သို့မဟုတ် အလုပ်သမား သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများဖြင့် ဆောင်ရွက်စေ နိုင်သည်။ ဤလုပ်ငန်းစဉ်ကို ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်ရပါမည်။ ဥပမာ - အဖွဲ့အစည်းကို မဲနှိုက်ခြင်း။



ခွဲထားသောအဖွဲ့သည်အတော်အတန်ကြီးမားနေလျှင် အဖွဲ့သုံးဖွဲ့ထပ်ခွဲနိုင်ပါသည်။ တစ်ဖွဲ့လျှင် သုံးဦး မှ ၄ဦး ပါဝင် စေရမည်။ လူတိုင်းပါဝင်မှုရှိစေရန် ဖြစ်သည်။ ဥပမာ - အစိုးရဌာနအုပ်စုခွဲတွင် ဝန်ကြီးဌာနများ အလိုက် ထပ်ခွဲနိုင်သည်။ အလုပ်ရှင်များအတွက် ၎င်းတို့ သုတေသနပြုနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းကို ရွေးစေနိုင်သည်။ အလုပ်သမားများအတွက် အလုပ်သမားသမဂ္ဂအမျိုးမျိုးကို ရွေးစေနိုင်သည်။ အဓိကကျသည်မှာ အဖွဲ့ဝင်တစ်ဦးစီတိုင်း ၎င်းတို့ အဖွဲ့တွင် အလုပ်တစ်ခုနှင့် တာဝန်များ ရှိစေခြင်း ဖြစ်သည်။

## လုပ်ငန်း ၁။ သုတေသန

*သင်ကြားချိန် တစ်ချိန်နှင့် နှစ်ချိန်ဆက် တစ်ချိန်။ ကြားထဲတွင် သုတေသန ပြုရန် အချိန်လိုသည်။*

ပထမအဆင့်အနေဖြင့် သုံးပွင့်ဆိုင်အဖွဲ့သည် မည်သည်တို့ကို ဆောင်ရွက်နေသည်နှင့် မည်သို့ဆောင်ရွက် သည်ကို အုပ်စုအနေဖြင့် အတိအကျသိရန် ပြုလုပ်ရမည် ဖြစ်သည်။ နိုင်ငံတိုင်းသည် အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၏ ဆောင်ရွက်ပုံနှင့် ဖွဲ့စည်းပုံခြင်း မတူပါ။ အလုပ်သမားနှင့် အလုပ်ရှင်များအဖွဲ့လည်း ထိုနည်း လည်းကောင်း ဖြစ်သည်။ ထိုအဖွဲ့များအနေဖြင့် ကလေးအလုပ်သမားနှင့် ပတ်သက်၍ မည်သို့ ဆက်စပ်မှု ရှိသည်နှင့် ၎င်းတို့မည်သို့ ကူညီဆောင်ရွက်နိုင်ပါသလဲ။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းတာဝန်အတွက် ပြင်ဆင်ရာတွင် သင့်အနေဖြင့် သုတေသနနှင့် သတင်းအချက်အလက် လုပ်ငန်းစုကို ကိုးကားရန် ကျွန်ုပ်တို့အနေဖြင့် ထောက်ခံအကြံပြုပါသည်။ အကြောင်းအရာတစ်ခုကို မည်သို့သုတေသနပြုရမည်ကို ပြန်အမှတ်ရစေမည်ဖြစ်သည်။ သင့်အနေဖြင့်ဒေသတွင်း စာကြည့်တိုက် သို့မဟုတ် အင်တာနက်ကို အသုံးပြုကောင်း ပြုနိုင်မည် ဖြစ်သည်။ ယင်းနှစ်ခုစလုံး သည် သုတေသနပြုရာတွင် အလွန်အသုံးဝင်ပါသည်။ အကယ်၍ မသုံးနိုင်ခဲ့လျှင် တစ်ဦးချင်းစီကို တွေ့ဆုံမေးမြန်းပြီး သုတေသနပြုစေနိုင်ပါသည်။ သို့မဟုတ် ၎င်းတို့ထံ စာရေးခြင်း သို့မဟုတ် ဖုန်းဆက်ခြင်းဖြင့် ပြုလုပ်နိုင်သည်။ သင့်အနေဖြင့် ရရှိသော အရင်းအမြစ် ကန့်သတ်ချက်ပေါ် အခြေခံ၍ လုပ်ရမည်သာ ဖြစ်သည်။ အစိုးရတွင် ပြန်ကြားရေးဌာနများ ရှိပြီး အလုပ်သမားနှင့် အလုပ်ရှင်များအဖွဲ့တွင် ကောင်းမွန်သော သတင်းအချက်အလက်များ အများပြည်သူကို ပေးရန် ရှိနေသည်ကို သိနေရမည် ဖြစ်သည်။

ဆီလျော်သော သတင်းအချက်အလက်ကို မည်သို့နှင့် မည်သည့်နေရာမှ ရှာရမည်၊ မည်သို့ အဆင်ပြေပြေ စုစည်းနိုင်သည်၊ တွေ့ရှိချက်ကိုစိစစ်ခြင်းနှင့် ၎င်းတို့၏ရည်ရွယ်ချက်မြောက်ရန် သတင်းအချက်အလက်ကို မည်သို့ တင်ပြရမည်တို့ကို သင်ယူတတ်မြောက်ခြင်းသည် လူရွယ်များ၏ နောက်ပိုင်းပညာရေးနှင့် လုပ်ငန်း ရွေးချယ်ရာတွင် အသုံးဝင်စေပါသည်။

### အလုပ်ပုံစံချခြင်း

လုပ်ရမည့်အလုပ်တွင် အုပ်စုများက ၎င်းတို့ကို တာဝန်ပေးထားသော သုံးပွင့်ဆိုင်အဖွဲ့ကို သုတေသနပြုပြီး ခြင်းနှင့် သင့်အနေဖြင့် ပြင်ဆင်ပြီးတာဝန်ပေးရမည့်အလုပ်ကိုလုပ်ရန် ပါဝင်သည်။ ဖြစ်နိုင်သော တာဝန်ပေးနိုင် သည့်အလုပ်များကို သင်ဖေါ်ထုတ်နိုင်သည်။ သို့သော် ထိုတာဝန်ပေးသည့်အလုပ်သည် စိတ်ဝင်စားမှုနှင့် တုံ့လှယ်မှုရှိနိုင်ဆုံးသောအရာ ဖြစ်ရမည်။ ဥပမာ - ကလေးအလုပ်သမား ပပျောက်ရေးလှုပ်ရှားမှုတွင် ပညာရေး ဝန်ကြီးဌာနသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သနည်း။ ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဗဟို အလုပ်သမားသမဂ္ဂသည် မည်သည်ကို လုပ်နေသနည်း။ သင့်မြို့တွင် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သည့် ဆိုင်ရှိပါသလား။ ယင်းတို့ မည်သို့ လုပ်ဆောင်နေသနည်း။ အုပ်စုများအား ၎င်းတို့ သုတေသနကို အချက်အလက် စာရင်းဇယားများဖြင့် အထောက်အကူပြုရန် ပြောပါ။ ထိုအချက်များကို ၎င်းတို့ဖေါ်ထုတ်ခဲ့သော မှတ်တမ်းများမှ ထုတ်ယူပါ။ အုပ်စုများအနေဖြင့် အလေးပေးရမည့် အချက်များတွင် အောက်ပါတို့ ပါဝင်နိုင် သည်။

- - အဖွဲ့များအနေဖြင့် ကလေးအလုပ်သမားနှင့် ပတ်သက်၍ မည်သည်တို့ လုပ်နေပြီလဲ။

- ကလေးအလုပ်သမားအရေးအပေါ် ၎င်းတို့ ရပ်တည်ချက်မှာ မည်သို့ ရှိသနည်း။ ပြစ်တင် ရှုံ့ချ နေသလား။ သည်းခံနေသလား။
- ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် ၎င်းတို့ မည်သို့ ပံ့ပိုးကူညီနေသလဲ။
- ကမ္ဘာ့အနှံ့ လှုပ်ရှားမှုတွင် ၎င်းတို့လည်း ကျရာတာဝန်ယူ ပါဝင်ရမည်ကို လက်ခံပါသလား။
- မည်သို့သော လုပ်ဆောင်မှုမျိုးကို မည်သည့်အဖွဲ့များက လုပ်ကိုင်နေပြီလဲ။
- ၎င်းတို့၏နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတွင် ကလေးအလုပ်သမားနှင့် ပတ်သက်သော စီမံချက်များ ရှိပါသလား။
- ယင်းအဖွဲ့များတွင် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာနှင့် ချိတ်ဆက်ကွန်ယက်အဖွဲ့တွင် ပါဝင် သော အဖွဲ့ရှိပါသလား။
- ယင်းကွန်ယက်သည် မည်သို့ဆောင်ရွက်ပြီး ကလေးအလုပ်သမား တိုက်ဖျက်ရေးတွင် ဘာလုပ် သလဲ။
- အဖွဲ့အစည်းများထဲမှ အားသာချက် သို့မဟုတ် အားနည်းချက်ရှိသည့်နယ်ပါယ် ရှိပါသလား။
- ၎င်းတို့အနေဖြင့် ကလေးအလုပ်သမားနှင့် ပတ်သက်သော မေးခွန်းများနှင့် သုတေသနအပေါ် မည်မျှ ပွင့်လင်းပါသလဲ။

## သုတေသနပြုလုပ်ခြင်း

အဆက်အသွယ်များပြုလုပ်ရာတွင် လူရွယ်များအနေဖြင့်အကူအညီ လိုအပ်မည်ဖြစ်သည်။ အစိုးရဌာန သို့မဟုတ် ကုမ္ပဏီကြီးတစ်ခု၏ စီမံရေးရာဌာန သို့မဟုတ် အလုပ်သမားသမဂ္ဂများသို့ စာရေးရန် သို့မဟုတ် ဖုန်းဆက်ရန် ကြောက်ရွံ့နေကြမည် ဖြစ်သည်။ သင့်အနေဖြင့် အုပ်စုတစ်စီခုဖြင့် ၎င်းတို့ သုတေသနပြုနေစဉ် နီးနီးကပ်ကပ်လုပ်ကိုင်ဆောင်ရွက်ပြီး လိုအပ်သည့်အခါနှင့်တောင်းခံလာသည့်အခါ အကူအညီနှင့် ပံ့ပိုးမှု ပေးရန် အဆင်သင့်ရှိနေရမည်ဖြစ်သည်။ ဤလေ့ကျင့်ခန်းအတွက် ဆရာ ဆရာမ၊ မိဘများအစရှိသူတို့၏ အကူအညီ ရနိုင်လျှင်လက်ခံပါ။ ဤလေ့ကျင့်ခန်းသည်ကြိုးပမ်းမှုနှင့် အလုပ်များအများအပြား ပါဝင်သည့်အတွက် သင့်အနေဖြင့် အရေးကြီးဆုံးအခန်းမှပါဝင်ရန် လိုပါသည်။ ၎င်းတို့လုပ်ကိုင်မည့်ကိစ္စများ အတွက် သင်ကိုယ်တိုင် စိတ်အားထက်သန်စွာနှင့် အင်အားအပြည့်ရှိနေရမည် ဖြစ်သည်။ ဤလုပ်ငန်းစု၏ နောက်ဆုံးလေ့ကျင့်ခန်းတွင် မည်သို့ကူညီမည်ကို ရှင်းပြပါ။ ယင်းသည် ကိုယ်တိုင်လုပ်ရမည့် အရာများ ဖြစ်ပါသည်။

သုတေသနလုပ်ငန်းစဉ်ကို အကူအညီပေးသည့်အနေဖြင့် အောက်တွင် အလုပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ရုံးများ အစရှိသည့် စာရင်းကို

ပေးထားပါသည်။ ကလေးအလုပ်သမားနှင့် ပတ်သက်၍ အစိုးရ၊ အလုပ်သမား သို့မဟုတ် အလုပ်ရှင်များဖြင့် အဆက်အသွယ်ပြုရာတွင် အကျိုးရှိနိုင်ပါသည်။ ဌာနများနှင့် အဖွဲ့အစည်းများ ၏ အမည်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမည် မဟုတ်ပါ။

## ဗဟိုအစိုးရ



**နိုင်ငံခြားရေး/ပြည်ပရေးရာဝန်ကြီးဌာန။** ယင်းသည် အစိုးရ တစ်ရပ်၏ ပြင်ပရေးရာကိစ္စရပ်များနှင့် ဆက်ဆံရေး တို့အတွက် အဓိကတာဝန်ရှိသည့်အဖွဲ့ဖြစ်သည်။ စက်မှုနိုင်ငံများ၌ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အစိုးရက အထောက်အပံ့ပေးသည့် ကိစ္စရပ်များတွင်ယင်းဌာနများက တာဝန်ယူရလေ့ ရှိသည်။ ကမ္ဘာအနှံ့ ကလေးအလုပ် သမား တိုက်ဖျက်ရေးတွင် ၎င်းတို့အစိုးရက မည်သည်တို့ လုပ်ဆောင်နေသည်ကို သိရှိရန် လုပ်ဆောင်ရာတွင် မည်သည့်အဖွဲ့မဆို ပထမဦးစွာ ဆက်သွယ်မှုပြုရမည့်ဌာန ဖြစ်သည်။ အချို့နိုင်ငံများတွင် ဤအထောက် အပံ့ပေးခြင်းကို ခွဲဝေချထားခြင်းအတွက် ယင်းဌာနများက တာဝန်ယူရသည်။



**အလုပ်သမား/အလုပ်အကိုင်ဝန်ကြီးဌာန။** လူရွယ်များအနေဖြင့် အလုပ်နေရာများတွင် ၎င်းတို့မည်သည့် အခွင့်အရေးများရှိသည်ကို ရှာဖွေရန်အတွက် ဤဌာနဖြင့် အဆက်အသွယ်ပြုရသည်။ မည်သို့ အကာ အကွယ် ပေးထားသည်၊ အလုပ်ရှင်များက ၎င်းတို့အခွင့်အရေးများကို လေးစားမှုရှိရန်အတွက် မည်သည့် ယန္တယားစနစ် ရှိပါသလဲ။ အခွင့်အရေးများကို လေးစားလိုက်နာမှု မပြုလျှင် ဘာဖြစ်ပါမည်လဲ၊ အခြားရွေးချယ် စရာများ ရှိသလား။ အလုပ်အတွက် နိုင်ငံတော်၏ အနိမ့်ဆုံး အသက်ကန့်သတ်ချက်မှာ အဘယ်နည်း။



**လူမှုဝန်ထမ်း/ကလေးများ ဝန်ကြီးဌာန။** အကူအညီလိုအပ်နေသော ပုဂ္ဂိုလ်များအတွက် အစိုးရအနေဖြင့် မည်သို့သော လူမှုရေး ကာကွယ်စောင့်ရှောက်မှုများ ပေးနေသည်ကို လူရွယ်များ ရှာဖွေရန် အရေးကြီး ပါသည်။ အစိုးရအနေဖြင့် မရှိနွမ်းပါးမှုကိစ္စကို ကိုင်တွယ်သည့်အခြေအနေ မည်သို့ရှိပါသလဲ။ အထူးသဖြင့် ကလေးများ အပေါ် ထိခိုက်မှုရှိသည့်ကိစ္စရပ်မျိုး တွင်ဖြစ်သည်။ လူမှုဝန်ထမ်းလုပ်ငန်း ဆောင်ရွက်မှုကို မည်သို့ စီမံခန့်ခွဲ ပါသလဲ။ လူထုအတွက် လက်လှမ်းမီရန် မည်သို့ ဆောင်ရွက်ပါသလဲ။ မည်သည့်ပုံစံဖြင့် ဆောင်ရွက်ပါသလဲ။ ဥပမာ- ကလေးစရိတ်၊ အလုပ်လက်မဲ့များအကျိုးခံစား ခွင့်၊ စာသင်ကျောင်းနေ့လည်စာ အစီအစဉ်။ လိုအပ်ချက် ရှိနေသူများအတွက် အစိုးရအနေဖြင့် မည်သို့ကြိုးပမ်းဆောင်ရွက်နေပါသလဲ။ အလုပ်အကိုင် ရရှိရေး၊ ပညာရေး၊ နေထိုင်စရာအိမ် အစရှိသည်တို့ ဆောင်ရွက်ပေးခြင်း ရှိပါသလား။ တနိုင်ငံလုံးတွင် လူမှုဖူလုံရေးအတွက် ဖြန့်ကျက်ဆောင်ရွက်သည့်ပုံစံ ရှိပါသလား။ သို့မဟုတ် လူထု အနေဖြင့် မိမိကိစ္စမိမိကိုယ်တိုင် ရှင်းနေရသလား။



**ပညာရေးဝန်ကြီးဌာန။** အလုပ်သမားနှင့် ပညာရေးဝန်ကြီးဌာနများမှရရှိ သောသတင်းအချက်အလက်များကို နှိုင်းယှဉ်ကြည့်လျှင် ၎င်းတို့နိုင်ငံတွင် ကျောင်းများ၌ အသက်အငယ်ဆုံး ကလေးကျောင်းထွက်ရမည့်အသက်ကို လူရွယ်များရှာတွေ့ရှိမည်ဖြစ်သည်။ ကလေးများတရားဝင်အလုပ် စလုပ်နိုင်သည့်အသက်နှင့် ပညာရေးတို့၏ ဆက်စပ်မှုသည် ကလေးအလုပ်သမားရှိနေခြင်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်ခြင်း ရှိသည်။ ဤသို့ အဘယ်ကြောင့်ဖြစ်နေရသည်ကိုလူရွယ်များရှာဖွေသင့်သည်။ ယင်းနှင့်အပြိုင် သုတေသနပြုနိုင်သည့်နယ်ပါယ် မှာ အလုပ်ခန့်ထားနိုင်သည့် အငယ်ဆုံးကလေး အသက်ဖြစ်သော အိုင်အယ်လ်အို ၏ သဘောတူညီချက် ၁၃၈ ဖြစ်သည်။ ယင်းသည် ကလေးအလုပ်သမားပပျောက် ရေးအတွက် ကမ္ဘာ အနှံ့လှုပ်ရှားဆောင်ရွက်မှုတွင် အရေး အကြီးဆုံးအပြည်ပြည်ဆိုင်ရာသဘော တူညီချက်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ အုပ်စုအား အဘယ်ကြောင့် နည်းဆိုသည်ကို ဖော်ပြနိုင်ရန် တိုက်တွန်းပါ။ နိုင်ငံတွင်း၌ ပညာရေးသည် အခမဲ့ ဖြစ်ပါသလား။



**စက်မှုလုပ်ငန်းနှင့် စီးပွားကူးသန်းဝန်ကြီးဌာန။** အလုပ် လုပ်ကိုင်မှု အခြေအနေနှင့် အခြေခံအလုပ်သမား စံချိန်စံညွှန်းများကို အကာအကွယ်ပေးခြင်းနှင့် လေးစားမှုရှိသည့် ပတ်ဝန်းကျင်တွင် ကုန်ထုတ်လုပ်ခြင်း၊ ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ရမည်ကို ပြဌာန်းသည့် အဓိကအဖွဲ့ဖြစ်သည်။ ယင်းသည် နိုင်ငံတွင်း မည်သို့ ဖြစ်နေသည်ဆိုသည်နှင့်သာ ဆိုင်သည် မဟုတ်ပါ။ နိုင်ငံအတွင်း တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများနှင့်လည်း ဆိုင်သည်။ နိုင်ငံ အတွင်း တင်သွင်းလာသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကလေးအလုပ်သမား သုံးစွဲခြင်း မရှိစေရန် အစိုးရအနေဖြင့် မည်သို့လုပ်ဆောင်နေပါသလဲ။ ယင်းတို့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမား စံချိန်စံ ညွှန်းနှင့်အညီ ဆောင်ရွက်ရန် မည်သို့ လုပ်နေပါသလဲ။ အစိုးရဌာနဖြင့် ပြုလုပ်သော ဤသုတေသန တွင် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများ သို့မဟုတ်အလုပ်သမား သုံးစွဲမှုလည်းလွှမ်းခြုံမှုရှိစေရမည်။ ဒေသတွင်း အထွေထွေ လုပ်ဆောင်မှုများလည်း ပါဝင်ရမည်။ ဥပမာ - EU၊ NAFTA၊ ASEAN၊ MERCOSOR၊ SADC အစရှိသည်တို့ ဖြစ်သည်။

## ဒေသဆိုင်ရာ အစိုးရ။

ဒေသတွင်း နိုင်ငံရေးသမားများအနေဖြင့် ကလေးအလုပ်သမားဆိုင်ရာ ဆွေးနွေး အဖြေရှာရမည့်ကိစ္စကို သတိထား သိရှိကြပါသလားဆိုသည်ကို သိရှိရန် ဒေသဆိုင်ရာအစိုးရများကို အုပ်စု များအနေဖြင့် ဆက်သွယ်မှုပြုရမည်ဖြစ်သည်။ ၎င်းတို့၏ မဲဆန္ဒနယ်တွင်ယင်းကိစ္စ ရှိနေနိုင်သလားနှင့် ကမ္ဘာ့အဝှမ်း လှုပ်ရှားမှု တွင်မည်သို့ပါဝင်ဆောင်ရွက်ပေးနိုင်သည်တို့ကို သိရှိရန်လိုသည်။



ဒေသတွင်း၌ နိုင်ငံရေးသမားများနှင့် ကောင်စီဝင်များရှိနိုင် သည်ကိုသိရှိထားရမည်။ ဗဟိုအစိုးရဖွဲ့စည်းပုံအတိုင်း စိတ်ဝင်စားမှု မတူညီ သည့်အဖွဲ့များကို ကိုယ်စားပြုနိုင်သည်။ အလုပ်သမား၊ အလုပ်အကိုင်၊ စက်မှုလုပ်ငန်း၊ စီးပွားကူးသန်း၊ လူမှုဝန်ထမ်း၊ ပညာရေးနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များ တို့ဖြစ်သည်။ ဥပမာအားဖြင့် ဥရောပ သမဂ္ဂတွင် နိုင်ငံ၏တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဒေသတွင်း ကွန်ယက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဆက်သွယ်ရေး၊ အပြန်အလှန်ဖလှယ်မှုနှင့် အရေးကိစ္စများကို မျှဝေခြင်းတို့တွင် နိုင်မာစွာ ဖွဲ့စည်းထားသည်။ ကမ္ဘာနှင့်အဝှမ်း ဆောင်ရွက်သည့် ကလေးအလုပ်သမားပပျောက်ရေး၏ ဦးတည်ချက်ပေါက်မြောက်စေရန် နိုင်ငံရေးအရ အရေးယူ ဆောင်ရွက်မှုသည်အဆင့်တိုင်းတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ နိုင်ငံများတွင် ဤလုပ်ငန်းစု များကိုလူရွှယ်များ ဆောင်ရွက်သဖြင့် ရပ်ရွာလူထုများ ပိုမိုပါဝင်လာမည် ဖြစ်သည်။ ကလေးအလုပ်သမား နှင့်ဆိုင်သော လုပ်ငန်းများကို အဆင့်ဆင့်ရှိနေသော နိုင်ငံရေးသမားများက သတိထားမိ လာမည် ဖြစ်သည်။

ဗဟိုနှင့်ဒေသဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများဖြင့် အဆက်အသွယ်ပြုသည့် နည်းတူသတ္တိမွေးရန်နှင့် ဆွေးနွေး ပြောဆို၍ရသော နိုင်ငံရေးသမားအားလုံးဖြင့် အဆက်အသွယ်ပြုရန် အုပ်စုအား သင့်အနေဖြင့် တိုက်တွန်း ရပါမည်။



- ဝန်ကြီးချုပ်နှင့် ၎င်းတို့၏ လက်ထောက်များ
- သမ္မတ၊ ဒုတိယသမ္မတများနှင့် ၎င်းတို့၏ ရုံးအဖွဲ့များ
- နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ဗဟိုနှင့် ဒေသဆိုင်ရာခေါင်းဆောင်များ
- မြို့တော်ဝန်များ
- လူသိများသူနှင့် အများလေးစားသောနိုင်ငံရေးသမားများ။ ၎င်းတို့သည် အစိုးရဝန်ထမ်းများ မဟုတ်ရပါ။
- လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များ၊ သို့မဟုတ် လူမှုရေးကိစ္စရပ်များ၊ ဖွံ့ဖြိုးမှု လုပ်ငန်းများ တွင် အဓိက စိတ်ဝင်စားသည့် နိုင်ငံရေးသမားများ။
- လူငယ်နိုင်ငံရေးသမားများ

## အလုပ်ရှင်များ

အလုပ်ရှင်များနှင့် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များသည် ကမ္ဘာအနှံ့ ကလေး သူငယ်အလုပ်သမားပပျောက်ရေး



လုပ်ရှားမှုတွင် မထင်မရှားသာ ပါဝင်ကြသည်။ ကလေးသူငယ်အလုပ်သမား ဆိုသည်မှာ အလုပ်လုပ်နေသောကလေးများအကြောင်းနှင့်လုံးဝသ ည်းခံ၍ မရနိုင်သောပုံစံဖြင့် လုပ်နေရသည့် အလုပ်လုပ်နေရသော ကလေးများအကြောင်း ဖြစ်သည်။ ကလေးများ အလုပ် လုပ်နေကြသည်ဆိုလျှင် ၎င်းတို့သည် မိမိတို့အတွက် လုပ်နေကြခြင်းမဟုတ်သည်ကို သင့်အနေဖြင့် သေချာစွာပြောနိုင်ပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်ကုမ္ပဏီများ တည်ထောင်ရန် လုပ်နေကြခြင်းမဟုတ်ပါ။ ၎င်းတို့ အလုပ် လုပ်နေကြသည်မှာ လူပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများက အလုပ်ခိုင်းထား၍သာ ဖြစ်သည်။ တနည်းအားဖြင့် အလုပ်ရှင်များက ကလေးများကို အလုပ် ခိုင်းထားပြီးကလေးအလုပ်သမား ဖြစ်ရန်လုပ်ခြင်းသာဖြစ်သည်။ မည်သို့ဆိုစေ ကလေးအများအပြား မိသားစုပိုင် လုပ်ငန်းများတွင် လုပ်ကိုင်နေကြပါသည်။ ဥပမာ- လယ်ယာလုပ်ငန်းများ။ ယင်းဖြစ်ရပ်မျိုးတွင် ၎င်းတို့သည် ၎င်းတို့၏ မိဘများ သို့မဟုတ် အခြား ဆွေမျိုးများအတွက် လုပ်ပေးနေခြင်း ဖြစ်သည်။ ယင်းသည် လယ်ယာ စိုက်ပျိုးရေးတွင် အမှန်ပင် ဖြစ်နေ သည်။

တခါတရံ အလုပ်ရှင်များသည် ၎င်းတို့အနေဖြင့် ကလေးများကို အလုပ်ခိုင်းစေနေခြင်းကို သတိမမူမိကြပေ။ သို့သော် ၎င်းတို့အနေဖြင့် တာဝန်မရှိဟု ပြော၍ မရပါ။ ကုန်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တွင် ဖြစ်ပေါ်သည် မည်သည့် ဖြစ်ပျက်မှုမျိုးမဆို ၎င်းတို့တွင် တာဝန်ရှိသည်။ မည်သည့်နိုင်ငံတွင် ဖြစ်နေသော် လည်း တာဝန်ရှိသည်။ ကမ္ဘာ့အနံ့ အလုပ်ရှင်များအနေဖြင့် ၎င်းတို့၏ အလုပ်သမားများ၊ အစိုးရများ၊ ဖေါက်သည်များ နှင့် ယေဘုယျအားဖြင့် လူထုတစ်ရပ်လုံးအတွက် လူမှုရေးတာဝန်ရှိပါသည်။

ဥပမာမှာ နိုင်ငံပေါင်းစုံတွင်လုပ်သော ကုမ္ပဏီများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးတွင် ကမ္ဘာ့အနံ့နှင့် ဒေသတွင်းပူးပေါင်းမှုသည်နေရာယူလာပါ သည်။ ထိုအခါကုမ္ပဏီများအနေဖြင့်၎င်းတို့စီးပွားရေးကို ဖြန့်ကျက်ရန် နှင့်ချဲ့ ထွင်ရန်ပို၍လွယ်ကူလာသည်။ အားကစားဝတ်စုံများရောင်းချသည့်ကုမ္ပဏီ သည် ကမ္ဘာ့အနှံ့ တန်ဖိုးမကြီး သည့် ပစ္စည်းများထုတ်လုပ်ရန် အခြေတည်ပြီး သယ်ယူပို့ဆောင်ရေးစရိတ်သက်သာသော ကုမ္ပဏီများဖြင့် ဆက်ဆံကာ ကမ္ဘာ့အနံ့ ကုန်ပစ္စည်း ဖြန့်ဖြူးပေးမည့်သူများ၊ လက်ကားအရောင်းဆိုင်များသို့ အချိန်တိုအတွင်း ပို့ဆောင်ပေးစေနိုင်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံတွင် ကုမ္ပဏီ၏ ငွေကြေးစီမံခန့်ခွဲမှုတစ်ခုပြုလုပ်ပြီး ဈေးကွက် ရှာခြင်း လူထုဆက်သွယ်ရေး ဆောင်ရွက်မှုကို နောက်နိုင်ငံတစ်ခုတွင် ပြုလုပ်နိုင်သည်။ ဌာနချုပ်ရုံးခန်းသည် ရုံးသေး သေးသာဖြစ်ပြီး ကမ္ဘာ့အနံ့လုပ်ငန်းဆောင်ရွက်မှုအ မျိုးမျိုးကို စီမံခန့်ခွဲသည်။

ဤနေရာတွင် တာဝန်ဆိုသည့် ဆွေးနွေးအဖြေရှာရမည့် ထိရှလွယ်သောကိစ္စရပ် ပေါ်ပေါက်လာပါသည်။ အကယ်၍ တရားဝင်မှတ်ပုံတင်ထားသော



ဘောလုံးထုတ်လုပ်သူသည် နိုင်ငံ 'က' တွင် ရှိသည် ဆိုပါစို့။ နိုင်ငံ 'ခ' တွင် ရှိသော နိုင်ငံပေါင်းစုံ ကုမ္ပဏီအတွက် ဘောလုံးထုတ်ပေးရာတွင် စက်ရုံ၌ ကလေးအလုပ် သမားများကို သုံးစွဲခဲ့သည်။ ယင်းဘောလုံးများကို နိုင်ငံ 'ဂ' သို့ တင်ပို့ခဲ့သည်။ မည်သူ့တွင် ကလေးအလုပ် သမားရှိနေမှု အတွက် တာဝန်ရှိသနည်း။ နိုင်ငံ 'က' တွင် ကလေးအလုပ်သမားများကို ခိုင်းစေသည့် အလုပ် ရှင်လား။ နိုင်ငံ 'ခ' တွင် ရှိသော ကုမ္ပဏီက ကလေးအလုပ်သမားရှိသည်ကို မသိပါဟုပြောသည့် ကုမ္ပဏီ လား။ နိုင်ငံ 'ဂ' တွင် ဘောလုံးများကို ရောင်းသည့်ဆိုင်က ကလေးအလုပ်သမားများ ဘောလုံးလုပ်နေသည် ကို မသိပါဟုပြောသော ဆိုင်လား။ ကလေးအလုပ်သမားနှင့်ဆိုင်သော ဥပဒေရှိသည့် နိုင်ငံ 'က' မှ အစိုးရ လား။ သို့မဟုတ် နိုင်ငံ 'ခ' နှင့်  'ဂ'မှ အစိုးရများက ၎င်းတို့နိုင်ငံများရှိ ကုမ္ပဏီများအနေဖြင့် အခြေခံ အလုပ်သမား စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးများနှင့် လူမှုတာဝန်များကို လေးစားလိုက်နာရန် တာဝန်ပျက်ကွက်သည့် အစိုးရများလား။ ပစ္စည်းထုတ်လုပ်ပုံနှင့် မည်သည့် နေရာက ထုတ်လုပ်သည်ကို မစစ်ဆေးဘဲ ဘောလုံးများ ဝယ်ခဲ့သူများလား။ ကလေးအလုပ်သမားများကို ဆက်လက်စစ်ဆေးမှု မပြုခဲ့သည့် တာဝန် ရှိသော လူမှုအဖွဲ့အစည်း တစ်ခုလုံးလား။



အဆုံးစွန်းပြောရလျှင် ကျွန်ုပ်တို့အားလုံးတွင် အနည်းနှင့်အများဆိုသလို တာဝန်ရှိကြပါသည်။ မိတ်ဖက် အကျိုးတူဆောင်ရွက်သူတိုင်းနှင့် ရပ်ရွာအဖွဲ့ဝင်တိုင်းတွင် ပါဝင်ဆောင်ရွက်ရန် အခန်းကဏ္ဍ တစ်ရပ် ရှိပါ သည်။ ကလေးအလုပ်သမားများကို မခန့်အပ်ရေးတွင် အလုပ်ရှင်များသည် အဓိက အရေးကြီးသော အခန်း ကဏ္ဍတွင် ပါဝင်ပါသည်။ ၎င်းတို့၏လုပ်ငန်းနေရာ သို့မဟုတ် ၎င်းတို့နှင့် စီးပွားရေးအရ ဆက်ဆံမှု ရှိသည့် ကုမ္ပဏီများ၏ အလုပ်နေရာများတွင် ကလေးများကို အလုပ်ခန့်ထားခြင်း မရှိစေရပါ။ ယင်းတို့သည် အုပ်စု အနေဖြင့် စုံစမ်းစစ်ဆေးပြီး သုတေသန လုပ်ရမည့်ကိစ္စရပ်များအတွက် အထောက်အကူ ဖြစ်စေရမည့် ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များ ဖြစ်ပါသည်။

အလွန်သေးငယ်သည့်လုပ်ငန်းများ၏အလုပ်ရှင်မှ လွဲ၍ အလုပ်ရှင်အများအပြားသည် အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များဖြစ်ပါသည်။ ရံဖန်ရံခါ ယင်းအဖွဲ့များတွင် အဖွဲ့ဝင်များလိုက်နာရန် အလုပ်သမားဆိုင်ရာ လိုက်နာ ရမည့်ကျင့်ဝတ်သိက္ခာများရှိတတ်ပါသည်။ ယင်းတို့ကို အလုပ်သမားစံချိန်စံညွှန်း နှင့် ကလေးအလုပ်သမား များ အတွက်ပင် ကိုးကားနိုင်ပါသည်။ ယင်းအသင်းအဖွဲ့များသည် ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ကွန်ယက်၏ အစိတ်အပိုင်း ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ဈေးဝယ်ရောင်းသည့်နေရာမှ ဆိုင်တစ်ခုသည် ကွန်ယက်ကြီးတစ်ခု၏ အစိတ်အပိုင်း ဖြစ်နိုင်ပါသည်။ ယင်းကွန်ယက်အတွင်း၌တိကျသော



တာဝန်ယူရှိပါ သည်။ လူရွယ်များအား ၎င်းတို့လုပ်ငန်းတွင်
အလုပ်ရှင်များအကြောင်း ရှာဖွေနိုင်သမျှ ရှာဖွေရန် တိုက်တွန်း အပ်ပါသည်။
၎င်းတို့အနေဖြင့် လက်ကားဈေးဆိုင်ကြီးတစ်ခုကို သုတေသနပြုရန်
သတ်မှတ်နိုင်ပါသည်။ ဆိုင်၏ စီမံခန့်ခွဲရေးဌာနသို့ အဆက်အသွယ်ပြုပြီး၎င်းတို့၏
နယ်မြေအတွင်း အလုပ်သမားအကြောင်း ဆွေးနွေးရန် ဆက်သွယ်နိုင်ပါသည်။
ယင်းလက်ကားဆိုင်ကြီးမှ အခြားအသင်းအဖွဲ့များဖြင့် ဆက်စပ်ပုံကို
ရှာဖွေနိုင်ပါသည်။ ထိုအဖွဲ့များဖြင့် ဆက်သွယ်မှုပြုပြီး သုတေသနကို
ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပါ သည်။

အလုပ်ရှင်များနှင့် တွေ့ရန် ခက်ခဲပါမည်။ အထူးသဖြင့်
ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်
ကိစ္စရပ်များနှင့် ယေဘုယျအားဖြင့် အလုပ်သမားစံချိန်စံညွှန်းများဖြင့်
၎င်းတို့ကိုပတ်သက်စေရန်မှာ မလွယ်ပါ။ ၎င်းတို့အနေဖြင့် ကလေးများကို
ခန့်အပ်ခဲ့လျှင် အခြေအနေနှင့် ကျင့်ဝတ်များကို ၎င်းတို့တတ်နိုင်သမျှ
တာဝန်ယူကြသော်လည်း ၎င်းတို့ချည်းသက်သက် ကလေးအလုပ်သမားအရေး
တာဝန်ယူ၍ မဖြစ်နိုင်ပါ။ အလုပ်ရှင်အတော်များများနှင့် ၎င်းတို့အဖွဲ့များသည်
အစိုးရများ၊ အလုပ်သမား သမဂ္ဂများနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့များဖြင့်
ကလေးအလုပ်သမားတိုက်ဖျက်ရေးကို ၎င်းတို့နေရာတွင်
ဆောင်ရွက်နေပါသည်။ အပြောင်းအလဲဖြစ်ပေါ်လာစေရန်နှင့်
ခြားနားမှုများဖြစ်ပေါ်လာရေးတွင် ဤအရေးပါသော အကျိုးတူပူးပေါင်း
ဆောင်ရွက်သည့်အဖွဲ့က အကျိုးရှိစွာပူးပေါင်းမှုရှိလာခြင်းသည်
အရေးကြီးပြီးကမ္ဘာအနှံ့ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုအတွက်
အခြေခံကျ ပါသည်။

## အလုပ်သမားသမဂ္ဂ သို့မဟုတ် အလုပ်သမားများအဖွဲ့များ ကိုယ်စားလှယ်



ဖွံ့ဖြိုးရေး၊ လူမှုရေးနှင့်လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးအဖြေရှာရ
မည့်ကိစ္စရပ်များတွင် အလုပ်သမားသမဂ္ဂများ သည် ပံ့ပိုးမှုပေးရာတွင်
ယေဘုယျအားဖြင့်အလွန်တက်ကြွပါသည်။ အလုပ်နေရာတွင်
ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကိုအကာအကွယ်ပေးရန်အတွက်သာ
အလုပ်သမားသမဂ္ဂများအဖြစ်ဦးစွာပေါ်ထွက်လာပါသည်။ အလုပ်ရှင်များ၏
ဓနအင်အား၊ အစိုးရများ၏ နိုင်ငံရေး စွမ်းပကားများဖြင့်ရင်ဆိုင်ရ၍
ပူးပေါင်းသည့် အင်အားကသာလျှင် ၎င်းတို့၏အခြေအနေနှင့်
အလုပ်လုပ်ရသည့်အခြေအနေများကို ပိုကောင်းလာစေနိုင် ရန်
မျှော်လင့်နိုင်သည်ကို အလုပ်လုပ်သောသူများက နားလည်သဘောပေါက်
လာပါသည်။ စက်မှုနိုင်ငံများတွင် ၂၀ ရာစုနှစ်ဦးပိုင်း မတိုင်မီတွင်
ကလေးအလုပ်သမား ပျံ့နှံ့ လာပါသည်။ အလုပ်သမားသမဂ္ဂ၏



စုပေါင်းအားဖြင့် လှုပ်ရှားမှုပြုခဲ့ခြင်းနှင့်လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးအတွက် မတူသောချဉ်းကပ်မှုများကြောင့် ပြောင်းလဲမှုကို ဖြစ်ပေါ် စေခဲ့သည်။ ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ပညာရေးသည်ကောင်းမွန်လာပြီး ကလေးများကို ဆီလျော် သော အကာအကွယ်ပေးမှု ပေးနိုင်ခဲ့သည်။

အလုပ်သမား သမဂ္ဂများ၏ အခြေခံဦးတည်ချက်မှာ ၎င်းတို့၏ အဖွဲ့သားများ၏ အကျိုးစီးပွားကို အကာ အကွယ်ပေးရန် ဖြစ်သည်။ သင့်တင့်လျောက်ပတ်သော အလုပ်လုပ်ကိုင်ရသည့် အခြေအနေမှ အကျိုး အမြတ် ရရှိစေရန် ဖြစ်သည်။ သင့်တင့်လျောက်ပတ်သော ဘဝအတွက် ဝင်ငွေရရှိရေးနှင့် ၎င်းတို့၏ အခွင့် အရေးများကို အလုပ်ရှင်များနှင့် အခြားပုဂ္ဂိုလ်များက အပြည့်အဝ လေးစားမှုရှိစေရေး ဖြစ်သည်။ အချိန်များ ပြောင်းလဲလာပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ အလုပ်သမား သမဂ္ဂများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်ရွက်မှုများ လည်းပြောင်းလဲတိုးတက်လာသည်။ အလုပ်သမား သမဂ္ဂများသည် ဝန်ဆောင်မှု အဖွဲ့အစည်းများ ဖြစ်လာသည်။ လူမှုရေးဖွံ့ဖြိုးရေး နှင့်လူသားချင်းစာနာထောက်ထားသော ကိစ္စရပ်များကို လွှမ်းခြုံနိုင်သည့်အထိ ၎င်းတို့၏ စိတ်ဝင်စားမှုကျယ်ပြန့်လာသည်။ ရလာဒ်အနေဖြင့် ရပ်ရွာအဖွဲ့အစည်းအဖြစ် ရပ်တည်မှုကို တွန်းအား ပေးခဲ့ကြသည်။ ကမ္ဘာအနှံ့ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် ၎င်းတို့ထူးခြားစွာ ပါဝင်နိုင်ခဲ့ သည်။

အလုပ်သမားသမဂ္ဂလှုပ်ရှားမှုသည်လည်း ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကွန်ယက်၏ အစိတ်အပိုင်း ဖြစ်လာခဲ့သည်။ နိုင်ငံများတွင်ရှိသော အလုပ်သမားသမဂ္ဂများကြားမှ ပေါ်ထွက်လာသော အပြည်ပြည်ဆိုင် ရာ စည်းရုံးမှုအားသည် ကြီးမားသည့် ခွန်အားနှင့် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ၎င်းတို့၏ဒေသတွင်း နှင့် အပြည်ပြည်ဆိုင်ရာ ဆက်နွယ်မှုအကြောင်း အလုပ်သမား သမဂ္ဂများအား လူငယ်များ က မေးမြန်းခဲ့လျှင် ၎င်းတို့၏ သုတေသနတွင် အသုံးဝင်မည် ဖြစ်သည်။ ထိုအဖွဲ့အစည်းများကို အဆက်အသွယ်ပြုပြီး ၎င်းတို့၏ လှုပ်ရှားမှု အမျိုးမျိုးကို မေးနိုင်သည်။ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂ အတော်များများ များသည် ကလေးအလုပ်သမားအရေးနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စများနှင့် ပတ်သက်နေပြီး အပြည်ပြည်ဆိုင် ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်၏ အလုပ်ကိုပံ့ပိုးမှု ပေးပါသည်။ ကလေးအလုပ် သမားနှင့် ပတ်သက်၍ ၎င်းတို့ကိုယ်ပိုင်လုပ်ငန်းများ နှင့် ပညာပေးအစီအစဉ်များ လုပ်ဆောင်ပါသည်။ ယင်းကို ကမ္ဘာအဝှမ်းနိုင်ငံများတွင်

## အသုံးပြုမည့်သူအတွက် မှတ်စု

သင်သည် စာသင်ကျောင်းတွင် ဖြစ်နေလျှင် အလုပ်သမားသမဂ္ဂများပေါ်ထွက်လာပြီး ဖွံ့ဖြိုးလာမှု၊ အပြည် ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဥပဒေ ပြောင်းလဲမှုတို့သည် သင့်အတွက် အသုံးဝင်မည် ဖြစ်သည်။ လူငယ်များအား သုတေသနပြုနိုင်ရန် အထောက်အကူ ပေးနိုင်သည့် အခြားဆရာ ဆရာမများ၏ အကူအညီကို ရယူနိုင် ပါသည်။ ဥပမာ - သမိုင်း၊ လူမှုရေး ဘာသာရပ်၊ စီးပွားရေးနှင့် အလုပ်အကိုင် သင်သောဆရာ ဆရာမများသည် ကျောင်းသားများ သုတေသနပြုလုပ် သည့်အခါ အရေးပါသည့်နောက်ခံအချက် အလက်များကို ပေးနိုင်ပါသည်။ အလုပ်သမား သမဂ္ဂအများ အပြား သည် လူငယ်များအတွက် ပညာပေး အစီအစဉ်များ ဆောင်ရွက်သည်ကို သတိပြုပါ။ ၎င်းတို့သည် သမဂ္ဂလှုပ်ရှား မှုနောက်ခံသမိုင်းကြောင်းကို ကျောင်းသို့ လာရောက်ဟောပြောပေးလိုကြမည် ဖြစ်သည်။ ယင်းအခွင့်အလမ်းများကိုအများ ဆုံးသုံးပါ။ ယင်းသည် ရပ်ရွာပူးပေါင်းမှုကို မြှင့်တင် ပေးနိုင်သည်။

ပြုလုပ်ပါသည်။ ယင်းမတူညီသော အစီအစဉ်များကို နားလည်အောင် သင်ယူခြင်းနှင့် ယင်းတို့၏ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် ထိရောက်စွာ ပါဝင်မှုကို စစ်ဆေးခြင်းသည် အလုပ်သမားသမဂ္ဂများ၏ ပါဝင်နိုင်သော အရေးကြီးသည့် အခန်းကဏ္ဍနှင့် ထိုအခန်းကဏ္ဍ၏ သဘာဝကို လှုရှုယ်များကို နားလည် သဘော ပေါက်စေသည်။

လုပ်ငန်းကဏ္ဍတွင် အလုပ်သမားသမဂ္ဂများသည် ရှေ့တန်းမှ ပါဝင်ပါသည်။ ၎င်းတို့၏ အဖွဲ့ဝင်များသည် ကလေးအလုပ်သမားများ သုံးစွဲသည့်အလုပ်နေရာများတွင် အလုပ်သမားများဖြစ်နေနိုင်သည် သို့မဟုတ် ၎င်းတို့ အနီးတွင် ရှိနိုင်သည်။ တချို့ကိစ္စရပ်များတွင် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦးကို ကလေးနှင့်ယှဉ်တွဲ အလုပ်လုပ် နေသည်ကိုမကြားနိုင်မတွေ့နိုင်ဖြစ်တတ်ပါသည်။ ထိုကလေးသည် သူ၏ကလေးဖြစ်ကောင်း ဖြစ်နေ နိုင်ပါသည်။ ယင်းအခြေအနေသည် ပညာပေးရေးနှင့် အသိတရားတိုးမြှင့်ရေး အရေးကြီးသည်ကို အထူးပြုပါ သည်။ ထို့ကြောင့်သမဂ္ဂများနှင့် ၎င်းတို့၏ အဖွဲ့ဝင်များသည် ထိန်းကြောင်းတည့်မတ်သူများအဖြစ် ထိရောက်စွာ ဆောင်ရွက်နိုင်ပါသည်။ ၎င်းတို့သည် ကလေးအလုပ်သမားအခြေအနေကို စောင့်ကြည့်နေနိုင်ပါသည်။ တွေ့ရှိလျှင် သမဂ္ဂမှ တာဝန်ရှိသူများနှင့် အခြားအာဏာပိုင်အဖွဲ့များထံ သတင်းပေးနိုင် ပါသည်။

'လူမှုရေးဆိုင်ရာတွေ့ဆုံပြောဆိုခြင်း' ဖြင့် အလုပ်သမားသမဂ္ဂများသည် အစိုးရများနှင့် အလုပ်ရှင်များဖြင့် လက်တွဲ၍ ကလေးအလုပ်သမားကြိုတင်တားဆီးကာကွယ်ရေး ဗျူဟာများ ချမှတ်နိုင်ပါသည်။ ကလေးများ ကို လူကြီးများနေရာတွင်အစားထိုးခိုင်းစေပါသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်နေရသည်ကိုစိစစ်ရန် အရေးကြီးပါ သည်။ သမဂ္ဂများ၊ အစိုးရများနှင့် အလုပ်ရှင်များသည် စုစုစည်းစည်း ဆောင်ရွက်ခြင်းဖြင့် ယင်း အခြေအနေကို ဖြေရှင်းရန် ပို၍ကောင်းသော နည်းလမ်းဖေါ်ထုတ်နိုင်မည်ဖြစ်သည်။ ကလေးများကို အလုပ်နေရာများတွင် ခိုင်းစေခြင်းကိုဟန့်တားနိုင်မည်ဖြစ်သည်။ အလုပ်သမားသမဂ္ဂများ အင်အားကောင်းပြီး ဖွဲ့စည်းမှုအားကောင်း သည့်နေရာများတွင် ကလေးအလုပ်သမားများလာမည်မဟုတ်ပါ။ ထို့ကြောင့်ကလေးအလုပ်သမား ပပျောက်ရေး အတွက် အဓိကရည်မှန်းချက်မှာ အလုပ်သမားသမဂ္ဂများ အားကောင်း လာရန်နှင့် ၎င်းတို့ကို ပံ့ပိုးပေးရန် ဖြစ်သည်ဆိုသည်မှာ သေချာပါသည်။

သို့ဖြစ်လျက် အလုပ်သမားသမဂ္ဂများရှိပြီး ကလေးအလုပ်သမား တားဆီးကာကွယ်ရေးဥပဒေများ ရှိနေသည့် နိုင်ငံများတွင် အဘယ်ကြောင့် ကလေးအလုပ်သမားများရှိနေရသနည်း။ ယင်းသည် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှု၊ မရှိနွမ်းပါးမှု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ခြားနားမှု၊ ကျောင်းနေရန် လက်လှမ်းမမီမှု၊ အစရှိသည်တို့ ကို စတင်စဉ်းစားရမည်ဖြစ်သည်။ အလုပ်သမားသမဂ္ဂရှိရုံမျှဖြင့် ကလေးအလုပ်သမား မရှိတော့ဟု အလွယ်ပြော

၍ မရနိုင်ပါ။ အလုပ်သမားသမဂ္ဂသည် ဖြေရှင်းရမည့်ကိစ္စတွင် အပိုင်းတစ်ခုသာ ဖြစ်သည်။ သို့သော် အခြား အပိုင်းများအများအပြားရှိသေးသည်။ ယင်းတို့ကို အတူတကွ လုပ်ဆောင်ပြီး ပြောင်းလဲမှုကို ဖြစ်ပေါ်စေရပါမည်။

## တွေ့ရှိချက်များကို တင်ပြခြင်း



၎င်းတို့ရှာဖွေတွေ့ရှိချက်များကို မည်သို့တင်ပြနိုင်မည်ကို အုပ်စုကြီးတစ်ခုလုံးအားပြောပါ။ သတင်းအချက် အလက်များကို ထိရောက်မှုများများနှင့် ထိရောက်မှု အနည်းငယ်သာရှိသောနည်းများဖြင့် တင်ပြနိုင်ကြောင်း ရှင်းပြပါ။ ထိရောက်မှုအနည်းငယ်သာရှိသောနည်းမှာ လူများကိုအများအပြားပြောဆိုခြင်းဖြစ်သည်။ ရှုပ်ထွေး သောစာရင်းအင်းများကို မြန်မြန်ပြောသည်။ ပရိသတ် နားမလည်နိုင်ဘဲဘာဖြစ်နေမှန်း သိရန်မလွယ်ဖြစ်ရသည်။ အဖွဲ့ဝင်တစ်ဦးချင်းစီအား တင်ပြမှုတွင် အတိုင်းအတာတစ်ခုထိ ပါဝင်စေရမည်။ သင့်အနေဖြင့် မှတ်တမ်းများကို ကြည့်နေခြင်းမဟုတ်ကြောင်းနှင့် တင်ပြမှုကို ရှည်လျားမှုမရှိရန် ပြောထားပါ။ အထိရောက်ဆုံးတင်ပြနည်းများမှာ ပရိသတ်အား တက်ကြွမှုရှိလာစေခြင်း၊ စိတ်ဝင်စားမှုတိုးပွားလာစေခြင်းနှင့် ရယ်မောခြင်းများ ရှိစေရမည်။ ၎င်းတို့အား စဉ်းစားစေခြင်းနှင့် တင်ပြမှုများထဲမှ အချက်များကို သတိရပြီး ပြန်ပြောစေခြင်းများ ရှိရမည်။ ယင်းနည်းများတွင် အောက်ပါတို့ ပါဝင်သည်။

- အမြင်ဆိုင်ရာ လှုံ့ဆော်မှုပြုနိုင်သည့် ပြစက်ကို အသုံးပြုခြင်း
- ကိုယ်စားသရုပ်ဆောင်ခြင်းကို သုံးစွဲခြင်း။ လူရွယ်များအား တင်ပြမှုကို ကိုယ်စားသရုပ်ဆောင်များ အဖြစ် ပြောင်းလဲရန် ပြောပါ။ ဥပမာ - တစ်ဦးက တွေ့မေးသူ၊ နောက်တစ်ဦးက တွေ့မေးခံလုပ်ခြင်း သို့မဟုတ် သတင်းကြေငြာချက် သို့မဟုတ် လွှတ်တော်တွင် မေးခွန်းမေးသည့်အခန်း အစရှိသည် တို့ဖြစ်သည်။ တင်ပြပုံများသည်မဆုံးနိုင်ရှိပြီး ၎င်းတို့သည် ပရိသတ်အား သက်ဝင်မှု ရှိစေသည်။
- အပြန်အလှန်တုံ့လှယ်မှုနည်းကို သုံးပါ။ ဥပမာ - ပရိသတ်ထဲမှ မေးခွန်းများ မေးခြင်း သို့မဟုတ် အယူအဆကို ပြောဆိုခြင်းနှင့် ပညာရှင်က စင်ပေါ်မှ ပြန်လည်ဖြေကြားခြင်း။

တင်ပြရာတွင် မိတ်ဆက်ပုံ ပြောပြပါ။ ကိုယ်ဟန်ပန်အနေအထားအကြောင်း ရှင်းပြပါ။ သတင်း အချက် အလက်ကို မျှဝေရာတွင်မည်သို့ ဖေါ်ပြရမည်ကို ပြောပြပါ။ သင့်အား ဤအစီအစဉ်တွင် ပြင်ပမှအကူ အညီ ပေးနိုင်မည့်သူရှိလျှင် ယင်းကို သုံးစွဲပါ။ ဥပမာ - သင်သည်စာသင်ကျောင်းတွင် ဖြစ်နေလျှင် စကားရည်လုသည့် အဖွဲ့အစည်း ရှိနေနိုင်ပါသည်။ ထိုအတွက် တာဝန်ယူထားသောဆရာဆရာမ ကို ထည့်သွင်းနိုင်ပါသည်။ သို့မဟုတ် ပညာရှင်ပုံစံဖြင့် စာတမ်းတင်ပြမှု ပြင်ဆင်မှု ပြုနိုင်သော မိဘများ ရှိနိုင်ပါသည်။

အကယ်၍ အစီအစဉ်ကို စိတ်ဝင်စားမှု ရှိစေမည်ဟု ထင်ရလျှင် အုပ်စုများကို ပြိုင်ခိုင်းပါ။ ပို၍ စိတ်ဝင်စားရန်နှင့် ပို၍ ပျော်စရာကောင်းစေရန် ဖြစ်သည်။ ဥပမာ-

- အချက်အလက်အများဆုံး တင်ပြနိုင်မှုဆု
- ဆန်းသစ်မှု အရှိဆုံးဆု

အုပ်စုတစ်စုချင်းစီအားၑင်းတို့တွေ့ရှိချက်များကို ရေးသားတင်ပြစေရမည်။ ၎င်းတို့ကို အုပ်စုပုံမှန်တွေ့ဆုံသည့် အခန်း၊ သို့မဟုတ် စာသင်ခန်းတွင် ခင်းကျင်းပြသထားရမည်။ ယင်းအစီရင်ခံစာများကိုအချက် အလက်စု ဆောင်းခြင်း လုပ်ငန်းစဉ်နှင့် စီမံချက်မှတ်တမ်းတွင် ထပ်ပေါင်းထည့်ထားရမည်။ ၎င်းတို့သည် ဒုတိယ လေ့ကျင့်ခန်းဖြစ် သော တွေ့ဆုံမေးမြန်းခြင်းတွင် အသုံးဝင်ပါမည်။



# လုပ်ငန်း ၂။ တွေ့ဆုံမေးမြန်းခြင်း

*သင်ကြားချိန် ၂ ချိန်*

သုံးပွင့်ဆိုင်အဖွဲ့တစ်ဖွဲ့ဖွဲ့မှ တွေ့ဆုံမေးမြန်းမည့်သူတစ်ဦးစီကို အဖွဲ့တစ်ဖွဲ့ချင်းစီက ရွေးချယ်ရပါမည်။ အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့များ ဖြစ်သည်။ စီမံချက်တွင် ထိုအဖွဲ့များကိုများနိုင် သမျှများများ ပါဝင် စေရန် လိုသည်ကို တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းစုတွင် အကြံပြုခဲ့သည်ကို သင် အမှတ်ရမည် ဖြစ်ပါသည်။ ဥပမာ- နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ သို့မဟုတ် အလုပ်သမားသမဂ္ဂ မှ တာဝန်ရှိ သူများကို သင့်အုပ်စုအား ၎င်းတို့၏ စီမံချက်များအကြောင်း ပြောကြားရန် ဖိတ်ကြားခြင်း သို့မဟုတ် ၎င်းတို့ အလုပ်အကြောင်း စကားရည်လုခြင်း သို့မဟုတ် ပြဇာတ်တင်ဆက်ခြင်းကို လာရောက် ကြည့်ရှုရန် ဖိတ်ကြား ခြင်း ဖြစ်သည်။ ထိုကိုယ်စားလှယ်များ ရောက်လာသည့်အခါ တွေ့ဆုံမေးမြန်းရန် စီစဉ် ရပါသည်။

## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းတာဝန်ပေးအပ်ရန် ပြင်ဆင်ရာတွင် တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်း လုပ်ငန်းစုကို ပြန်လည်ကိုးကားရန် သင့်အား ကျွန်ုပ်တို့ အကြံပြု တိုက်တွန်းပါသည်။ တွေ့ဆုံ မေးမြန်းခြင်းကို မည်သို့ ပြုလုပ်ရမည်ကို သင်နှင့်သင့်အဖွဲ့အား ပြန်လည် အမှတ်ရစေမည် ဖြစ်သည်။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တွေ့မေးခံရွေးချယ်ခြင်း၊ ၎င်းတို့အား ဆက်သွယ်ခြင်း၊ ရနိုင်လျှင် ဗွီဒီယိုသုံးစွဲခြင်း၊ တွေ့ဆုံမေးမြန်းခြင်း နှင့် နောက်ဆက်တွဲ ဆောင်ရွက်ခြင်းတို့သည် ဤလေ့ကျင့်ခန်းအတွက် အရေးကြီးကြောင်း ပြောခဲ့ပြီး ဖြစ်သည်။

ပါဝင်သောကိုယ်စားလှယ်များကို အုပ်စုအနေဖြင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်မည် ဖြစ်သည်။ ဤသို့ဖြစ်လျှင် သင့်အနေဖြင့် ဤလေ့ကျင့်ခန်းကို ချန်လှန်ထားနိုင်သည်။ နောက်ဆုံး လုပ်ငန်းကို တိုက်ရိုက် ဆောင်ရွက်နိုင်ပါသည်။ သို့မဟုတ်လျှင် ယခင်တွေ့ဆုံမေးမြန်းစဉ်က မပါဝင်သော ကိုယ်စားလှယ်များကို တွေ့ဆုံမေးမြန်းခြင်း တဖန်ပြန်လုပ်လိုမည် ဖြစ်သည်။ ပထမ လုပ်ငန်းနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းစုတွင် တင်ပြခဲ့သော နောက်ခံ သတင်းအချက်အလက်များသည် ၎င်းတို့၏ တွေ့မေးခံ များအား တွေ့မေးရမည့် မေးခွန်းများကို စုစည်းရာတွင် အထောက်အကူ ဖြစ်စေပါမည်။



# လုပ်ငန်း ၃။ ကလေးအလုပ်သမားအကြောင်း သုံးပွင့်ဆိုင် စကားရည်လုခြင်း

*သင်ကြားချိန် ၁ချိန်နှင့် နှစ်ချိန်ဆက် တစ်ချိန်*

*တကယ့်အခြေအနေကို စစ်ဆေးသည့် လေ့ကျင့်ခန်းအတွက် နောက်ထပ်သင်ကြားချိန် တစ်ချိန်*



## အသုံးပြုမည့်သူအတွက် မှတ်စု

လုပ်ငန်းကမ္ဘာလုပ်ငန်းစု မစတင်မီ စကားရည်လုခြင်းလုပ်ငန်းစုကို ဦးစွာ ပြုလုပ်သင့်သည်။ ဤလုပ်ငန်းစုတွင်ပါဝင်သည့်စကားရည်လုခြင်းလေ့ကျင့်ခန်းသည် လွှတ်တော်တွင်း စကားစစ်ထိုးခြင်း (စကားရည်လုခြင်း) ပုံစံဖြစ်သည်။ ပို၍ ပုံစံကျသည်။ ရွေ့လျားစကားစစ်ထိုးခြင်း ပြုလုပ်ရန် အကြံပြုပါသည်။ သင့်အုပ်စု အား သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့များ နေရာဝင်ယူရန် ပြောရပါမည်။

ဤအဆင့်တွင် အုပ်စုများအနေဖြင့် သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့များ၏ မတူညီသော အခန်းကဏ္ဍများနှင့် ၎င်းတို့ ဆောင်ရွက်မှုများကို ပိုသိရှိပြီးဖြစ်မည် ဖြစ်သည်။ ယင်းအသိဉာဏ် ဗဟုသုတကို စမ်းသပ်ရန် နှင့် သေချာစွာ အသုံးပြုရန် အခွင့်ကောင်းတစ်ခုပင် ဖြစ်ပါသည်။

ဤလုပ်ငန်းအတွက် အုပ်စုငယ် သုံးအုပ်စု ထပ်ခွဲပါ။ တစ်ဖွဲ့လျှင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့များထဲမှ တစ်ဖွဲ့ ကို တာဝန်ယူရမည် ဖြစ်သည်။ အစိုးရ၊ အလုပ်သမားများနှင့်အလုပ်ရှင်များအဖွဲ့ ဖြစ်သည်။ ရည်ရွယ်ချက်မှာ မိတ်ဖက်တစ်ဖွဲ့ချင်းစီ၏ ကလေးအလုပ်သမားနှင့်ပတ်သက်သော အမြင်ကို အုပ်စုတစ်စုချင်းစီအား အလေး ထားစေရန် ဖြစ်သည်။ ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာရမည့်ကိစ္စရပ်သည် မိတ်ဖက်အပေါ် မည်သို့ ပတ်သက်မှုရှိသည်ကို ၎င်းတို့အတွင်း ဆွေးနွေးရန် လိုမည် ဖြစ်သည်။ သင့်စီမံချက်တွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့များ ပူးပေါင်းမှုရှိစေရန်အတွက် ဤလေ့ကျင့်ခန်းသည် အဓိက ကျပါသည်။ လူရွယ်များ အနေဖြင့် ကလေးအလုပ်သမားနှင့် ကလေးသူငယ်အခွင့်အရေးများကို ရှုဒေါင့်တမျိုးမှ စဉ်းစားလာစေမည် ဖြစ်သည်။ ကမ္ဘာနှင့်ဆိုင်သော ဆွေးနွေးအဖြေရှာရမည့် ကိစ္စများကို အခြားသူများ၏ ရှုဒေါင့်မှ ကြည့်ခြင်းဖြင့် ယင်းပြဿနာများ ရှိနေသည်ဆိုကို၎င်းတို့၏ ရှုမြင်ပုံသည် ကျယ်ပြန့်လာပြီး နားလည်သဘောပေါက်မှု ပိုမို နက်ရှိုင်းလာမည် ဖြစ်သည်။ ပြဿနာကို ဖြေရှင်းနည်းရှာဖွေအကောင်အထည်ဖော်ရန် လူမှုအဖွဲ့အစည်း အတွင်းရှိ အဓိက ဆောင်ရွက်သူများ ၎င်းတို့ ပါဝင်နိုင်သော အပိုင်းမှ ပါဝင်ရန် အရေးကြီးသည်ကို သိလာ မည် ဖြစ်သည်။

စကားရည်လုခြင်း သဘောသဘာဝနှင့် သတ်မှတ်ချက်များနှင့် ပြည့်စုံစေရန် ဤစကားရည်လုခြင်း (စကား စစ်ထိုးခြင်း)တွင် ခေါင်းစဉ်၊ အကြောင်းအရာ၊ အဆိုပြုချက် သို့မဟုတ် အကြံပြုချက်တို့ ပါဝင်ရသည်။ စကား ရည်လုခြင်းလုပ်ငန်းစုဆောင်ရွက်ခဲ့စဉ်က အုပ်စုများသည် အကြံပြုချက်ကို ထောက်ခံသည်၊ ငြင်းဆိုသည် တို့ကို ပြုလုပ်ရသည်။ ဤလုပ်ငန်းစုတွင် ထောက်ခံသည် ငြင်းဆိုသည်ဟု တိုက်ရိုက်ပြောဆိုမည် မဟုတ်ပါ။

အကြောင်းအရာတစ်ရပ်အပေါ်တွင် သုံးပွင့်ဆိုင်အဖွဲ့၏ မူဝါဒနှင့် မူဘောင်တို့ကို စဉ်းစားကြရသည်။ ၎င်းတို့ ၏ ရပ်တည်ချက်ကို အားဖြည့်စေသည် ငြင်းဆိုချက်ကို တင်ပြရသည်။ အားလုံးက လက်ခံဆုံးဖြတ်နိုင်သည် အထိ ငြင်းဆိုတင်ပြရသည်။

ဤလေ့ကျင့်ခန်းအတွက် အကြောင်းအရာတစ်ရပ်သာ ရှိပါသည်။

**"ကလေးသူငယ်များအား စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း"**

## ဆွေးနွေးရန်အတွက် ထောက်ခံအကြံပြုချက်များ ဖေါ်ထုတ်ခြင်း

အုပ်စုခွဲတစ်ခုချင်းစီသည် အောက်ပါစဉ်းစားရန် အချက်များအပေါ် အခြေခံ၍ အကြောင်းအရာကို ဆွေးနွေး ရမည်ဖြစ်သည်။ ယင်းအချက်များကို ဦးစားပေးမှု သို့မဟုတ် အရေးကြီးမှု အလိုက်စီစဉ် ထားခြင်း မဟုတ်ကြောင်းသိထားရမည်။ အဘယ်ကြောင့်ဆိုသော် စာရင်း သည်ရှည်လျားပြီးအသေးစိတ်ကြ၍ဖြစ် သည်။ သင့်အနေဖြင့် မိတ္တူကူးထားပြီး အဖွဲ့ခွဲများကိုဖြန့်ဝေထားသင့်သည်။ ထို့နောက် စကားရည်လု ရမည့် အကြောင်းအရာကို အချိန်အနည်းငယ်ယူ၍ ပြောပြရမည်။ မေးခွန်းများကို ဖတ်ပြပြီး အဖွဲ့တစ်ခုစီ၏ အဖွဲ့ဝင်တိုင်း နားလည်ပြီး နောက်ဆုံး လေ့ကျင့်ခန်း တွင် ၎င်းတို့ကိုဘာဖြစ်စေလိုသည်ကို သိရှိစေရမည်။

ရည်ရွယ်ချက်မှာ အဖွဲ့ခွဲများသည် သုံးပွင့်ဆိုင်အဖွဲ့ထဲမှ ၎င်းတို့ကိုယ် စားပြုသောအဖွဲ့အမြင်ရှုဒေါင့်ဖြင့် မေးခွန်းများကိုဆွေးနွေးစေရန်ဖြစ် သည်။ အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်တို့သည် ၎င်းတို့၏ အခန်းကဏ္ဍ နှင့် တာဝန်များနှင့်အညီ ယင်းမေးခွန်းများကို ရှုမြင်ရမည် ဖြစ်သည်။

**ကလေးတစ်ဦးကို အဓိပ္ပါယ် သတ်မှတ်ခြင်း**

- အသက်အလိုအရ ကလေးဆိုသည်ကို မည်သို့ သတ်မှတ်မည်နည်း။ ကလေးဆိုသည့် အဓိပ္ပါယ် သတ်မှတ်ချက်တွင် အခြား စဉ်းစားစရာများ ရှိနိုင်သေးသလား။
- သုံးပွင့်ဆိုင် တစ်ဖွဲ့ချင်းအတွက် 'ကလေးသူငယ်အလုပ်သမား' ကို မည်သို့ သတ်မှတ်သနည်း။

**ပညာရေး**

- နိုင်ငံအတွင်း မသင်မနေရ ပညာရေး ရှိသင့်သလား။
- မသင်မနေရ ပညာရေးရှိခဲ့လျှင် ကလေးများ မည်သည့်အသက်အရွယ်တွင် ကျောင်းမတက်တော့ ဘဲ နေ၍ရသနည်း။
- မသင်မနေရပညာရေးသင်ကြားနေသောကလေးများအတွက်လုပ်နိုင်သည့် အလုပ်၏သတ်မှတ်ချက် ကို မည်သို့ ချမှတ်မည်နည်း။



**အလုပ်လုပ်နိုင်သည့် အငယ်ဆုံးကလေးအသက်**

- ကလေးများကို မည်သည့်အရွယ်တွင် အလုပ်လုပ်စေသင့်သနည်း။ တနည်းအားဖြင့် နိုင်ငံတော်တွင် အငယ်ဆုံး မည်သည့်အသက်အရွယ်တွင် ကလေးများကို အလုပ်ခန့်ထားနိုင်သနည်း။
- အလုပ်အားလုံးအတွက် ကလေးများကို အလုပ်ခန့်နိုင်သည့် အငယ်ဆုံးအသက်မှာ တပြေးညီ ဖြစ်သင့်သလား။ အလုပ်သဘောသဘာဝအရ အမျိုးမျိုးဖြစ်သင့်သလား။ ဥပမာ- အန္တရာယ်ရှိသော အလုပ်မျိုးဖြစ်သည့် မိုင်းတွင်းလုပ်ငန်း၊ စစ်မှုထမ်းခြင်း၊ ညဖက်အလုပ်လုပ်ခြင်း၊ အန္တရာယ်ရှိသော စက်ယန္တယားများဖြင့် လုပ်ကိုင်ခြင်း အစရှိသည်တို့အတွက် ကလေး၏အသက်ကို မြှင့်ထားရန် လိုသလား။

**အလုပ်ဆိုသည်ကို အဓိပ္ပါယ် သတ်မှတ်ခြင်း**

- ကလေးကို အလုပ်လုပ်ခွင့်ပေးခဲ့လျှင် "အလုပ်" ဆိုသည်ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆို မည်နည်း။ ဥပမာ - ကလေးသည် ကျောင်းနေသေးလျှင် အလုပ်လုပ်ခွင့်ပြုသင့်သေးသလား။ဥပမာ- အချိန်ပိုင်း အလုပ်။ ထိုအခါ အလုပ်အမျိုးအစားကို မည်သို့ ခွဲခြား သတ်မှတ်မည်နည်း။ ဥပမာ - ပေါ့ပါးသော၊ အလယ်အလတ်နှင့် ခက်ခဲသော။
- အိမ်မှုကိစ္စလုပ်ငန်းများ လုပ်နေသော ကလေးများ၊ မိသားစု စီးပွားရေးတွင် ကူညီနေသူများ၊ မိသား စုလယ်ယာလုပ်ငန်းတွင် လုပ်နေသောသူများ အစရှိသည့် ကလေးများအတွက် မည်သို့ စဉ်းစား မည်နည်း။ ကလေးများအား ကျောင်းတက်ရင်း ထိုအလုပ်များကို ပေးလုပ်သင့်သလား။ ထိုအခြေ အနေမျိုးတွင် ကလေးများကို ကာကွယ်ပေးသည့်အနေဖြင့် အကန့်အသတ် ရှိသင့်သလား။
- အကယ်၍ ကလေးများကို ပေါ့ပါးသော အလုပ် လုပ်ခွင့်ပေးလျှင် ယင်းကို မည်သို့ သတ်မှတ်မည် နည်း။ မည်သို့ကန့်သတ်မည်နည်း။ ဥပမာ - ပညာရေးတွင် အနှောက်အယှက်ဖြစ်စေခြင်းကို ခွင့်ပြု သင့်သလား။ သို့မဟုတ် ၎င်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ထိခိုက်မှုကို ခွင့်ပြုသင့်သလား။

**အလုပ်လုပ်ရသည့်အခြေအနေ**

- အလုပ်ပုံစံအမျိုးမျိုးတွင် လုပ်နေရသော လူရွယ်များအတွက် အလုပ်လုပ်ရသော ကြာမြင့်ချိန် နာရီသည် မည်မျှဖြစ်သင့် သနည်း။ ဥပမာ - ကျောင်းတက်နေသော ကလေးအတွက် အချိန်ပိုင်း အလုပ်ချိန်ရှိသင့်သလား။ ကျောင်းထွက်ပြီးအချိန်ပြည့်အလုပ်လုပ်သောသူ များအတွက် အလုပ်ချိန်။ အန္တရာယ်ကျရောက်နိုင် သို့မဟုတ် ကျန်းမာရေး

ထိခိုက်သည်ဟုယူဆရသည့် အလုပ်မျိုး လုပ်နေရ သော ကလေး များအတွက် အလုပ်ချိန်နာရီ။

- အလုပ်လုပ်နေသော ကလေးများနှင့် လူရွယ်အတွက် အနိမ့်ဆုံး လုပ်ခ သတ်မှတ်ချက် ရှိသင့်သ လား။ ကျောင်းတက်ရင်း အချိန်ပိုင်းလုပ်သော ကလေးအတွက် ရှိသင့်သလား။ အသက်အမျိုးမျိုး အလိုက် အလုပ်လုပ်နေသော လူရွယ်များအတွက် အဆင့်အမျိုးမျိုး ရှိသင့်သလား။ မည်သည်တို့ ဖြစသင့်သနည်း။
- ကလေးများနှင့် လူရွယ်များကို ခန့်ထားသော အလုပ်နေရာများတွင် ကျန်းမာရေးနှင့် အလုပ်ခွင် အန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များကို အထူးအလေးပေးသင့်ပါသလား။ ကလေးများသည် အချိန်ပိုင်း သို့မဟုတ် အချိန်ပြည့်လုပ်သူများ ဖြစ်နိုင်သည်။

**အန္တရာယ်ရှိသောအလုပ်/ အဆိုးရွားဆုံးပုံစံဖြင့် ခေါင်းပုံဖြတ်ခြင်း**



- အန္တရာယ်ရှိသောအလုပ်ကို မည်သို့အဓိပ္ပါယ် ဖွင့်ဆိုမည်နည်း။
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု အသုံးခံများ ဖြစ်နေရသော ကလေးများကိစ္စတွင် သုံးပွင့်ဆိုင်အဖွဲ့၏ ရပ်တည်ချက်သည် မည်သို့ ဖြစ်သင့်သနည်း။ သို့မဟုတ် မူးယစ်ဆေးဝါး သယ်ဆောင်ခြင်း ကဲ့သို့ သော ဥပဒေနှင့် ငြိစွန်းသည့်အလုပ်များကို အတင်းအကြပ်စေခိုင်းခံရခြင်း သို့မဟုတ် အခြား ပြစ်မှု တစ်မျိုးမျိုးကို စေခိုင်းခံရသည့်အခြေအနေမျိုးတွင် မည်သို့ ဖြစ်သင့်သနည်း။ ပါဝင်ပတ်သက်နေရ သောကလေးများ၊ ၎င်းတို့၏ ဘဝသာယာရေး၊ ၎င်းတို့၏ မိသားစုများ၊ ၎င်းတို့ကို ပြန်လည်ပြုစု ပျိုးထောင်ခြင်း အစရှိသည်တို့သည် မည်သို့ ဖြစ်သွားနိုင်သနည်း။ ကလေးများကို လိင်ပိုင်းဆိုင်ရာ နှင့် ဥပဒေနှင့် ငြိစွန်းသောအလုပ်ကို အတင်းအကြပ်စေခိုင်းပြီး ခေါင်းပုံဖြတ်သူများ မည်သို့ ဖြစ်သွား နိုင်သနည်း။
- ကလေးများကို လူကုန်ကူးသည့် အခြေအနေမျိုးတွင် သုံးပွင့်ဆိုင်အဖွဲ့များ၏ ရပ်တည်ချက်သည် မည်သို့ ဖြစ်သင့်သနည်း။ ယင်းလုပ်ရပ်ကို မည်သို့ ထိန်းချုပ် သို့မဟုတ် ကြိုတင်တားဆီး ကာကွယ် နိုင်သနည်း။ ယင်းကိစ္စရပ်တွင် လူကုန်ကူးခံရသည့် ကလေး၏ မိသားစုများ ပါဝင်ပတ်သက်နေလျှင် မည်သို့ ဖြစ်နိုင်သနည်း။

**ထိန်းကြောင်းတည့်မတ်ခြင်း**

- ကလေးများ၏ အခွင့်အရေးများကို မတော်မတရားခေါင်းပုံဖြတ်မှု ဖြစ်နိုင်ချေများကို သုံးပွင့်ဆိုင် အဖွဲ့အနေဖြင့် မည်သို့

ထိန်းကြောင်းတည့်မတ်သင့်သနည်း။ ထိုသုံးပွင့်ဆိုင် အတူတကွ လက်တွဲ လုပ်ကိုင်သင့်သလား။ အဖွဲ့တစ်ခုတည်းက တာဝန်ယူသင့်သလား။ မည်သည်ကို လုပ်ဆောင်နိုင် သလဲ။ မည်သည့်စနစ်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်သင့်သလဲ။

- ကလေးများကို အလုပ်ခန့်ထားပြီး ဥပဒေကို ချိုးဖေါက်သော ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများသို့မဟုတ် အဖွဲ့များကို မည်သို့ အရေးယူ အပြစ်ပေးသင့်သလဲ။ ပြစ်ဒဏ်ချမှတ်သည့်စနစ် ရှိသင့်သလား။
- သုံးပွင့်ဆိုင်အဖွဲ့အနေဖြင့် ကလေးအလုပ်သမားအရေးကို မည်သို့ အရေးပေး လာစေနိုင်သနည်း။ လူမှုအဖွဲ့အစည်းထဲမှ အခြားပုဂ္ဂိုလ်များကို ယင်းသည် မှားယွင်းကြောင်းနှင့် ပပျောက်ရေးတွင် ပါဝင်ကူညီသင့်ကြောင်း မည်သို့ လုပ်နိုင်သနည်း။
- ကလေးအလုပ်သမားသည် လူမှုအဖွဲ့အစည်းတွင်းမှ လုံးဝပျောက်သွားသင့်ပါသလား။ တနည်း မဟုတ် တနည်း ယင်းကို လက်ခံထားသည့် အဖြစ်အပျက်များ သို့မဟုတ် နယ်မြေများ ရှိသေး သလား။မည်သူက ဆုံးဖြတ်ပြီး ယင်းတို့ကို မည်သူက ထိန်းကြောင်း တည့်မတ်သလဲ။

ဆွေးနွေးမှု အရှိန်ရလာသည်နှင့်အမျှ တစ်ချက်ချင်းကို စဉ်းစားခြင်းသည် အခြားသူများအတွက် နိုးထလာ စေနိုင်သည်ဖြစ်၍ ယင်းကို လက်ခံသင့်သည်။ ပါဝင်သော လူရွယ်များ၏ ဆန်းသစ်မှုနှင့် တွေးဆမှု မရှိစေရန် များပြားလွန်းသည့် မေးခွန်းများကို ပေးခြင်းမဟုတ်ပါ။ ၎င်းတို့ထံမှ ထွက်ပေါ်လာသော စိတ်ကူးများကိုလည်း သင့်အနေဖြင့် မြင်တွေ့လိုမည် ဖြစ်သည်။



ဤလုပ်ငန်းစုနောက်ဆက်တွဲတွင် ခေါင်းစဉ်များနှင့် မေးခွန်းများ စာရင်းပါဝင်ပါသည်။ ယင်းတို့ကို အစိုးရ အဖွဲ့၊ အလုပ်သမားများအဖွဲ့နှင့် အလုပ်ရှင်များအဖွဲ့ ခေါင်းစဉ်အောက်တွင်ဖေါ်ပြထားသည်။ အဖွဲ့တစ်ဖွဲ့ ချင်းစီ၏ ပတ်သက်မှုနှင့် စိတ်ဝင်စားမှုကို လူရွယ်များ နားလည်စေနိုင်ရန် ဖြစ်သည်။ ထိုအချက်များအပေါ် အခြေခံပြီး ထောက်ခံအကြံပြုချက်များ ဖေါ်ထုတ်နိုင်ရန် ဖြစ်သည်။ သက်ဆိုင်ရာ ကိုယ်စားလှယ် အုပ်စုဖြင့် ယင်းနောက်ဆက်တွဲကို ဆွေးနွေးနိုင်လျှင် ကောင်းပါသည်။ ၎င်းတို့နှင့် သက်ဆိုင်သော အပိုင်းကို အလေး ပေး ဆွေးနွေးရမည် ဖြစ်သည်။ ဆွေးနွေးအဖြေ ရှာရမည့်ကိစ္စရပ်များတွင် ၎င်းတို့၏ ရပ်တည်ချက်သည် မည်သို့ ဖြစ်သင့်သည်ကို ဆွေးနွေးဖေါ်ထုတ်ပြီး အသေအချာ နားလည်သွားစေရမည်။ ဤသို့

ပြုလုပ်၍ သင့်အတွက် အထောက်အကူ ဖြစ်မည်ဟု ယူဆလျှင် နောက်ဆက်တွဲကိုမိတ္တူကူးပြီး သက်ဆိုင်ရာ အုပ်စုများအား ဝေပေးပါ။

အုပ်စုများအား ဆွေးနွေးချိန်နှင့် ပြင်ဆင်ချိန် အများအပြား ပေးပါ။ အုပ်စုတစ်ခုချင်းအား "ကလေးသူငယ် များအားစီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း" နှင့် ပတ်သက်၍ ထောက်ခံအကြံပြု ချက်စာရင်းပြုစုရန် နှင့် ၎င်းတို့၏ ရပ်တည်ချက်ကို ဖော်ပြသည်အချက်များ ကို ဖော်ပြသည့် အဖွင့်မှတ်တမ်း ရေးရန်အတွက် ဖြစ်သည်။ ယင်းထောက်ခံ အကြံပြုချက်စာရင်းနှင့် မှတ်တမ်းသည် အုပ်စုကိုယ်စားပြုသည့် အဖွဲ့၏ရှုဒေါင့်ကို ကိုယ်စားပြုနိုင်ရမည် ဖြစ်သည်။ အုပ်စုတစ်ခုချင်းစီသည် သင်၏ ပံ့ပိုးကူညီမှုနှင့် ပြောပြချက်များ လိုအပ်မည် ဖြစ်သည်။ အဖွဲ့များထံ လှည့်သွားနေပြီး အကြံဉာဏ်ပေးခြင်း၊ အထောက်အကူ ပေးခြင်းနှင့် အားပေးခြင်းတို့ကို လိုအပ်သလို ပေးရမည် ဖြစ်သည်။ ဆွေးနွေးသည့်အခါ လူတိုင်း တနည်းနည်းဖြင့် ပါဝင်မှု ရှိစေရမည်။ ထောက်ခံအကြံပြုချက်ကို ရေးမှတ်ရန် တစ်ဦး သို့မဟုတ် တစ်ဦးထက် ပို၍ ရွေးချယ်တာဝန်ပေးပါ။ သုံးပွင့်ဆိုင် စကားရည်လုသည့်အခါ အုပ်စုတစ်ခုသည် အဖွင့်မှတ်တမ်းကို ပြောကြားရမည် ဖြစ်ပြီး အုပ်စုကိုယ်စားပြောဆိုရန် တစ်ဦး သို့မဟုတ် ထိုထက်ပို၍ ရွေးချယ်ပြီး ပြောဆိုစေရ မည်။ ပြောခွင့်ရ ပုဂ္ဂိုလ်များသည် ၎င်းတို့အုပ်စုဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ပြီး အခြားပုဂ္ဂိုလ်များကို ကိစ္စရပ်များ အတွက် အုပ်စုကိုယ်စား ပြောပေးရန် တောင်းဆိုနိုင်သည်။

## ပြင်ပအထောက်အကူ

ဤလေ့ကျင့်ခန်းတွင် အထောက်အကူရရှိရန် အထက်ပါ မေးခွန်းများနှင့် နောက်ဆက်တွဲတွင် ပါသော အချက်များကို ကြည့်ရှုနိုင်ပါသည်။ ဥပမာ- အုပ်စုများစကားရည်လုရန်အတွက် ပြင်ဆင်ကြရာတွင် အထောက်အကူရရန်၊ သင်သည် စာသင်ကျောင်းတွင် ဆောင်ရွက်နေလျှင် စီးပွားရေး၊ လူမှုရေးဘာသာရပ်၊ ပထဝီနှင့် လုပ်ငန်းအကြောင်း သင်ကြားသည့်ဆရာဆရာမများထံ ချဉ်းကပ်နိုင်ပါသည်။ ထိုဆရာဆရာမများ သည် အထက်ပါမေးခွန်းများကို ထပ်ပေါင်းစပ်နိုင်ပါမည်။ အုပ်စုအား အသေးစိပ်ချောမွေ့ရန် ကူညီပေးနိုင်ပါ မည်။

အုပ်စုတစ်ခုချင်းစီက စကားရည်လုရန် ပြင်ဆင်နေသည့် ငြင်းဆိုချက်များတွင် သက်ဆိုင်ရာအဖွဲ့ကို အကူ အညီပေးရန် အစိုးရ၊ အလုပ်သမားများနှင့် အလုပ်ရှင်များအဖွဲ့ ကိုယ်စားလှယ်များကိုသင့်အနေဖြင့် ဖိတ်ခေါ်ရန် ဤလေ့ ကျင့်ခန်းတွင် အခွင့်အရေး ရရှိနိုင်ပါသေးသည်။ ယင်းသည် သင့်အုပ်စုနှင့် စီမံချက်တွင်ပါဝင်သူများအတွက် အကျိုးထပ်ရှိစေပါသည်။

## သုံးပွင့်ဆိုင်စကားရည်လုခြင်း

စကားရည်လုရန်အတွက် စကားရည်လုခြင်း လုပ်ငန်းစုကို ကိုးကားပါ။ အထူးသဖြင့် အစပျိုးခြင်းနှင့် အုပ်စု ဖွဲ့စည်းပုံအပိုင်းများဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် စကားရည်လုခြင်းသည် ပို၍ စနစ်ကျသော ပုံမျိုးဖြင့် ဆောင်ရွက်ရပါမည်။ အကြံပြုချက်များကိုထောက်ခံခြင်း ငြင်းဆိုခြင်း မပြုလုပ်ရပါ။ အဖွဲ့များသည် ၎င်းတို့ ခံစားချင်သလို ခံစားနေမည်ဖြစ်၍ ပရိသတ်လိုမည် မဟုတ်ပါ။ မည်သို့ဆိုစေ ပြင်ပအထောက်အကူ ပါဝင်မှု ရှိစေရန်နှင့် သုံးပွင့်ဆိုင်အဖွဲ့ကိုယ်စားလှယ်များကို ဖိတ်ကြားနိုင်လျှင် ကောင်းပါသည်။

ဤလေ့ကျင့်ခန်းအတွက် အထိရောက်ဆုံးပုံစံမှာ "ကလေးများအား စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း" အကြောင်းအရာနှင့် ပတ်သက်၍ တစ်ဖွဲ့ချင်းစီမှပြောခွင့်ရ ပုဂ္ဂိုလ်က အဖွင့် မှတ်ချက်ပေးခြင်း ဖြစ်သည်။ ၎င်းတို့ မှတ်ချက်သည် ရှည်လျားပြီး အသေးစိပ်ရန် မလိုပါ။ သို့သော် ဤကိစ္စရပ်အပေါ် သက်ဆိုင်ရာ သုံးပွင့်ဆိုင်အဖွဲ့၏ ရပ်တည်ချက်ကို မီးမောင်းထိုးပြနိုင်ရမည် ဖြစ်သည်။

အဖွင့်မှတ်ချက်ပေးပြီး နောက် စကားရည်လုပွဲ မည်သို့ ဆက်လက်လုပ်ဆောင်ကြမည်ဆိုသည်မှာ အုပ်စုများ ၎င်းတို့၏ ထောက်ခံအကြံပြုချက်ကို မည်သို့ ပြင်ဆင်ခဲ့ကြသည်ဆိုသည့်အပေါ် အတော်အတန်မူတည်ပါ သည်။ မည်သို့ဆိုစေ တနေရာရာမှ စတင်ရန် လိုပါသည်။ စတင်နိုင်သည့် အချက်များတွင် ကလေးတစ်ဦး ကို အဓိပ္ပါယ်ဖွင့်ဆိုချက်၊ မသင်မနေရ ပညာရေးကိစ္စ၊ အငယ်ဆုံးအသက်အလုပ်ခန့်ထားမှုနှင့် အန္တရာယ် ရှိသောအလုပ်တို့ ပါဝင်သည်။ ယင်းတစ်ချက်ချင်းစီအပေါ် တစ်ဖွဲ့ချင်းစီက ၎င်းတို့ ရပ်တည်ချက်ကို ပြောရ သည်။ ၎င်းတို့၏ မူဝါဒ၊ အယူအဆနှင့် ထောက်ခံအကြံပြုချက်များ ပေးရသည်။

အကြောင်းအချက်တစ်ခုချင်းစီအပေါ် စကားရည်လုနေကြစဉ် အုပ်စုများ၏ ကိုယ်စားလှယ်များကြား အပြန် အလှန် ဖလှယ်မှု ပြုနိုင်သည်။ သင့်အနေဖြင့် စကားရည်လုခြင်း၏ ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နိုင်သည်။ အခြားအထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်မရှိခဲ့လျှင် ဖြစ်သည်။ အချို့ကိစ္စများတွင် အခြားသုံးပွင့်ဆိုင်အဖွဲ့၏ ရပ်တည်ချက် တင်ပြမှုကို အချို့အဖွဲ့များက အလွန်သဘောမတူနိုင်ကြပါ။ ယင်း သဘောတူညီမှု၊ သဘော မတူညီမှုကို ခွင့်ပြုပါ။ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖေါ်ပြကြရမည် ဖြစ်သည်။ စကားရည်လုခြင်းကို အော်ဟစ် ငြင်းခုန်သည့် ကစားပွဲပုံစံမျိုး ပြောင်းမသွားစေရပါ။ သို့သော် ရပ်တည်ချက်နှင့် ပြောဆိုချက်များကို လူတိုင်း အား မှတ်ချက်ပေးရန် တိုက်တွန်းပါ။ ယင်းမှာ သုံးပွင့်ဆိုင် စကားရည်လုခြင်းပင် ဖြစ်သည်။ ကိစ္စရပ်တစ်ခု အပေါ် မတူညီသော



အုပ်စုများသည် မတူညီသော ရပ်တည်ချက်များ ရှိနိုင်သည်ဆိုသည်ကို လူရွယ်များ အားနားလည်သဘောပေါက်စေသည်။ ဤသို့ဖြစ်ရသည်မှာ ၎င်းတို့ မည်သူဖြစ်သည်နှင့် မည်သည်ကို ကိုယ်စားပြုရ၍ ဖြစ်သည်။ ဥပမာ - အချို့အလုပ်ရှင်များသည် အချို့အခြေအနေများတွင် ပို၍ငယ်သော အသက်ကို ပို၍ သဘောကျမည် ဖြစ်သည်။ အလုပ်သမားသမဂ္ဂအနေဖြင့် သဘောတူမည် မဟုတ်ပါ။ ၎င်းတို့၏ အဖွဲ့ဝင်များ၏ အလုပ်ကို အကာအကွယ်ပေးလိုခြင်းနှင့် လူရွယ်များ၏ ဘာဂသာယာဝပြော ရေးကို မထိခိုက်စေလို၍ ဖြစ်သည်။

အချက်တစ်ချက်တွင် စိတ်ဝင်စားမှု နှင့် အရှိန်လျော့နည်းလာသည်ဟု သင်သိလာလျှင် ဆွေးနွေးခြင်းကို ရပ်ပစ်ပါ။ ထို့နောက် ၎င်းတို့ကြားခဲ့သော ငြင်းဆိုမှုများအပေါ် အုပ်စုအားလုံးမဲပေးရန် ပြောပါ။ သုံးပွင့်ဆိုင် အဖွဲ့တစ်ဖွဲ့ဖွဲ့၏ ရပ်တည်ချက်အပေါ်ပို၍ အလေးမသာစေပါနှင့်။ အုပ်စုအားလုံးသည် အတူတူ ဖြစ်သည်ဟု ယူဆရန် ပြောပါ။ မိမိတို့အနေဖြင့် မှန်သည်ဟုခံယူမှုအပေါ် မဲပေးရန် ပြောပါ။ အကယ်၍ အုပ်စုတစ်စုက အလုပ်လုပ်နိုင်သော အသက်ကို ၁၆နှစ်၊ နောက်တစ်စုက ၁၄ နှင့် နောက်တစ်စုက ၁၅ဟု ပြောလျှင် ထိုဆွေးနွေးမှုတွင် မည်သည့်အသက်အပိုင်းအခြားဖြစ်သင့်သည်ကို လူတိုင်းအား မဲပေးရန် ပြောပါ။ အများ စုသည် အကြံပြုချက်ကို လက်ခံသွားမည်ဖြစ်ပြီး ယင်းသည် ဆုံးဖြတ်ချက် ဖြစ်သွားသည်။ မိမိအဖွဲ့၏ ထောက်ခံအကြံပြုချက်ကို မဲပေးရန် မလိုကြောင်းပြောပါ။ အခြားအဖွဲ့၏ ငြင်းဆိုချက်ကြောင့် စိတ်ပြောင်း သွားပြီး ထိုအဆိုပြုချက်ကို ထောက်ခံသွားနိုင်သည်။ ထို့ကြောင့် ဤလေ့ကျင့်ခန်းအတွက် အကဲဖြတ်ဒိုင် မလိုပါ။

သင်ကိုယ်တိုင် သို့မဟုတ် အုပ်စုထဲမှ တာဝန်ပေးသူတစ်ဦးဦးက မဲပေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းကို မှတ်သားထားရမည်။ စကားရည်လုခြင်းကို စိတ်ဝင်စားသူ ရှိနေသေးသည်ဟု သင်ထင်သည့်အချိန်အထိ ခွင့်ပြုပါ။ အဖွဲ့အားလုံး၏ တက်ကြွမှု ရှိနေသေးသည်အထိ ဖြစ်သည်။ အကယ်၍ အရှိန်လျော့လာပြီး ဆိုသည်နှင့် လေ့ကျင့်ခန်းကို လုံးဝအဆုံးသတ်ရန် ပြန်ခြုံငုံသုံးသပ်ပါ။ သို့မဟုတ် အခြားတချိန်ချိန် တရက် ရက်တွင် ပြန်လည်ပြောဆိုရန် ရွှေ့ဆိုင်းပါ။

ဤလေ့ကျင့်ခန်းအတွက် လိုအပ်သောအချိန်ကို သင့်အနေဖြင့် စီမံဆုံးဖြတ်ရမည်။ သဘောတူညီချက်သည် အမြဲမရရှိလျှင်လည်းအကြောင်းမဟုတ်ပါ။ဆွေးနွေးပျက်သွားလျှင်လည်းအကြောင်းမဟုတ်ပါ။ အရေးကြီး သည်မှာအုပ်စုအနေဖြင့်အလုပ်ကမ္ဘာဆိုသည့်သဘောသဘာဝကိုနားလည်သဘောပေါက်ရန်သာ ဖြစ်သည်။ အမြင်အမျိုးမျိုးနှင့် စိတ်ဝင်စားမှု အမျိုးမျိုးကို ထည့်သွင်းစဉ်းစားပြီး စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများ မည် သို့ လုပ်ကိုင်နေသည်ကို သိသွားရန် လိုသည်။ မတူညီသော အကျိုးစီးပွား အမြစ်တွယ်နေလျှင် ပြဿနာများကို ဖြေရှင်းရန်မှာ ထင်သလောက် မလွယ်သည်ကို ၎င်းတို့ နားလည်သဘောပေါက်သွားမည် ဖြစ်သည်။ အခြားဆရာ ဆရာမများနှင့် ပြင်ပကိုယ်စားလှယ်များ ပါဝင်မှုသည်

အုပ်စု စိတ်ဝင်စားမှုကို တိုးပွားစေပြီး၊ အခြားဆွေးနွေးမှု အချက်များကို ပိုသိစေနိုင်သည်။ ၎င်းတို့ မစဉ်းစားမိခဲ့သည်များကို တွေးတောမိ လာစေသည်။

ဆရာဆရာမများနှင့် ပြင်ပကိုယ်စားလှယ်များအား သုံးပွင့်ဆိုင် စကားရည်လုပွဲတွင် ရှိနေပေးရန် တိုက်တွန်း ပါ။ လူရွယ်များအနေဖြင့် ၎င်းတို့၏ အထောက်အပံ့နှင့် အကူအညီရနိုင်သမျှ ရယူရန် လို၍ ဖြစ်သည်။ စကား ရည်လုခြင်းသည် တက်ကြွလာမည် ဖြစ်သည်။ ယင်းသည်ကောင်းပါသည်။ အုပ်စုများအား စကားရည်လုရန် အတွက် ပြင်ဆင်ရာတွင် ဆန်းသစ်စိတ်ကူးမှုပြုနိုင်သမျှပြုရန် အားပေးရန် မမေ့ပါနှင့်။ ၎င်းတို့ကို လိုအပ် သော အချက်အလက်များကို အဆင်သင့် ပေးမထားပါနှင့်။ အစိုးရ၊ အလုပ်သမားများနှင့် အလုပ်ရှင်များ မည်သည်ကို လိုလားပြီး အဘယ်ကြောင့် ဖြစ်နိုင်သည် ဆိုသည့်စိတ်ကူးမျိုး ၎င်းတို့ထံမှ ထွက်လာပါစေ။ ဤလေ့ကျင့်ခန်းတွင် အတိကျဆုံးနှင့် အတော်ဆုံး ဖြစ်စေရန် မဟုတ်ပါ။ လေ့ကျင့်ခန်းတွင် ပျော်ရွှင်မှု ရှိစေရန်နှင့် စကားရည်လုခြင်းစျာန်ဝင်သွားစေရန်နှင့် အများ၏ သဘောတူညီချက် အယူအဆကို နားလည် သဘောပေါက်သွားစေရန် ဖြစ်သည်။ ဆန်းသစ်မှုနှင့် စိတ်ကူးပုံဖော်နိုင်မှုရှိလေ လူတိုင်းအတွက် ပျော်စရာ ဖြစ်လေ ဖြစ်ပါသည်။

စကားရည်လုပွဲ အပြီးသတ်သွားလျှင် နောက်ဆက်လုပ်ရမည်မှာ အုပ်စုအနေဖြင့် စကားရည်လုခြင်းကို ရေး သားရန် ဖြစ်သည်။ အုပ်စုလုပ်ငန်းဖြင့် လုပ်နိုင်သည်။ ပေါင်းစပ်ရုပ်ပုံကားချပ်၊ အနုပညာနှင့် ဆန်းသစ်ရေး သားခြင်းတို့ ပါဝင်နိုင်သည်။ လေ့ကျင့်ခန်းနှင့်ဆိုင်သော စီမံချက်အစီရင်ခံစာပြုစုရန် ဖြစ်သည်။ သင်သည် စာသင်ကျောင်းတွင် ပြုလုပ်နေလျှင် ကျောင်းသူကျောင်းသားများ စိတ်ဝင်စားမှု တိုးပွားလာရန် အများ အတွက် ထင်ပေါ်သည့်နေရာတွင် ခင်းကျင်းပြသနိုင်သည်။ သင့်အနေဖြင့် လူထုဆက်သွယ်ရေး လှုပ်ရှားမှု အဖြစ် သတင်းထုတ်ပြန်ချက် သို့မဟုတ် သတင်းဆောင်းပါးများကို ကျောင်းမဂ္ဂဇင်းအတွက် ရေးပေးနိုင် သည်။

## အမှန်တရားကို စစ်ဆေးခြင်း

ဤနောက်ထပ်လုပ်မည့်လေ့ကျင့်ခန်းသည် သင့်အုပ်စုအတွက် ရရှိမည့် အချိန်အပေါ် မူတည်ပါမည်။ လိုအပ် သောသတင်းအချက်အလက်အချို့ရရန်လည်း လွယ်ကူမှုရှိမည့် အပေါ်မူတည်သည်။ ယင်းကို ဆောင်ရွက် အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အကြံပြုတိုက်တွန်းပါသည်။ အသိဉာဏ်ဗဟုသုတများ စုစည်းရန် ပိုကောင်း လာစေနိုင်သောကြောင့် ဖြစ်သည်။ ရည်ရွယ်ချက်မှာ အုပ်စုအား ၎င်းတို့၏ သုံးပွင့်ဆိုင် စကားရည် လုခြင်းရလာဒ်ကို ၎င်းတို့နိုင်ငံ၏ အမှန်ဖြစ်ပျက်နေသော အခြေအနေများနှင့် နှိုင်းယှဉ်ရန် ဖြစ်သည်။ ဤလုပ်ငန်းကို အစပိုင်းတွင် လုပ်ဆောင်ခဲ့ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ ဥပမာ- သုတေသနနှင့် သတင်း အချက်အလက်လုပ်ငန်းစုတွင်ဖြစ်သည်။ ယင်းသည် အကြောင်းမဟုတ်ပါ။ ယင်းတို့အားလုံးသည် အုပ်စု ရှာဖွေနေသော သတင်းအချက်အလက်များ လက်တကမ်းတွင် ရှိနေပြီ ဖြစ်သောကြောင့် ဖြစ်သည်။

အချို့သတင်းအချက်အလက်များသည် လက်တကမ်းတွင် ရှိနိုင်မည် မဟုတ်ပါ။ ထိုမေးခွန်းများအတွက် အဖြေများကို အုပ်စုအနေဖြင့် သုတေသနပြုရန် လိုမည်ဖြစ်သည်။ ရပ်ရွာပူးပေါင်းမှုအတွက် ကြည့်မည်ဆို လျှင်လည်း ကောင်းပါသည်။ အုပ်စုဖြင့် ထိုမေးခွန်းများကို ဆွေးနွေးရန် သုံးပွင့်ဆိုင် ကိုယ်စားလှယ်များအား ဖိတ်ကြားရမည် ဖြစ်၍ ဖြစ်သည်။

ထို့ကြောင့် ရည်ရွယ်ချက်မှာ နိုင်ငံတွင် ရှိနေသော တရားဥပဒေအခြေအနေကို ၎င်းတို့ စကားရည်လုရာမှ ရသည့်ရလာဒ်နှင့် ကလေးသူငယ်အကာအကွယ်ပေးရေးနှင့် ပတ်သက်သော ဆွေးနွေးအဖြေရှာရန် ကိစ္စရပ် တွင် ၎င်းတို့ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်ဖြင့် နှိုင်းယှဉ်ရန် ဖြစ်သည်။ အငယ်ဆုံးကလေးအသက် အလုပ်ခန့် ထားမှု၊ မသင်မနေရပညာရေးအတွက်အသက် အစရှိသည့် ခေါင်းစဉ်နှင့် ပတ်သက်သော သတင်းအချက် အလက်များကို ဗဟို သို့မဟုတ် ဒေသတွင်း အစိုးရရုံးများမှ ရလော့ရှိပါသည်။ ယင်းသတင်းအချက်အလက် နှင့် ပတ်သက်၍ အလုပ်သမားများနှင့် သို့မဟုတ် အလုပ်ရှင်များအဖွဲ့ကလည်း ပေးနိုင်ပါသည်။



သုံးပွင့်ဆိုင်စကားရည်လုခြင်းရလာဒ်များကို ကုလသမဂ္ဂနှင့် အိုင်အယ်လ်အို သဘောတူညီချက်များက ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများဖြင့်လည်း နှိုင်းယှဉ်နိုင်ပါသည်။ ယင်းစံချိန်စံညွှန်းများ ကို သုတေသနနှင့် သတင်းအချက်အလက်လုပ်ငန်းစုတွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည်။

ဤလေ့ကျင့်ခန်းသည် အုပ်စုကြီးတစ်ခုလုံးဖြင့် အလွတ်သဘော အထွေထွေ ဆွေးနွေးသည့်ပုံစံဖြင့် ပြုလုပ်သင့်သည်။ ၎င်းတို့၏ စကားရည်လုခြင်းရလာဒ်များကို နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ ဖြင့် နှိုင်းယှဉ်ပါ။ အုပ်စုအနေဖြင့် ၎င်းတို့၏ ရပ်တည်ချက်သည် ပိုကောင်းလာသည်ဟု ခံစားကြရပါသလား။ ၎င်းတို့၏ တရားဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းသည် ကလေးများကို ကာကွယ်စောင့် ရှောက်မှု အသေအချာ မပေးနိုင်ဟု ခံစားရပါသလား။ မည်သို့ ခြားနားသည်ဟု ထင်ပါသလဲ။ ထိုခြားနားမှုများနှင့် ပတ်သက်၍ ပြောဆိုစရာ ရှိပါသလား။ ယင်းခြားနားမှုများနှင့် ပတ်သက်၍ သုံးပွင့်ဆိုင်အဖွဲ့ဖြင့် ဆက်သွယ်မှုပြုပြီး ၎င်းတို့၏မှတ်ချက်ကို အများပြည်သူသိရန်လုပ်ပါသလား။ အလုပ်နေရာတွင် ကလေးများ ခေါင်းပုံဖြတ်ခံရမှုနှင့် အကာအကွယ်ပေးခြင်း အဘယ်ကြောင့် ပို၍ မလုပ်ကြသည်ကို တာဝန်ရှိသူများထံ စာရေးမေးမြန်းလိုသလား။

ထိုလူရွယ်များအတွက် ဤလေ့ကျင့်ခန်းသည် လွန်စွာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ၎င်းတို့အတွက် လုပ်ပိုင်ခွင့် အခွင့်အရေးများ ရရှိစေပါသည်။ ၎င်းတို့ကို အသိဉာဏ်ဗဟုသုတများ တပ်ဆင်ပေးခဲ့သည်။ ၎င်းတို့သည် ရပ်ရွာအဖွဲ့အစည်းများမှ ကလေးများကို အကာအကွယ်ပေးရန် လိုသည်ကို သိရှိနားလည်လာသည်။ မည်သို့လုပ်ဆောင်ရမည်ကို သိလာသည်။ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးနှင့် လူမှုဆက်ဆံရေး ဖွံ့ဖြိုးမှုအတွက် အရေး ပါသောအဆင့် ဖြစ်သည်။ ၎င်းတို့နောက် လုပ်လိုသည့်အရာများကို သင့်အနေဖြင့် အားပေးပြီး ထောက်ပံ့မှု ပေးသင့်သည်။ ၎င်းတို့လုပ်လိုသည့် လုပ်ငန်းများတွင် ဗဟိုနှင့် ဒေသအစိုးရမှ နိုင်ငံရေးသမားများထံ စာရေး ခြင်း၊ အလုပ်ရှင်များအဖွဲ့ထံ စာရေးခြင်း၊ အလုပ်သမားသမဂ္ဂများဖြင့် အဆက်အသွယ်ပြုခြင်း၊ လူထုဆက် သွယ်ရေးလှုပ်ရှားမှု ဆောင်ရွက်ခြင်း၊ အများပြည်သူ စကားရည်လုပွဲတွင် ယင်းကိစ္စရပ်များကို ၎င်းတို့ဖြင့် လာရောက်ဆွေးနွေးရန် အဓိက တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားခြင်း ဥပမာ - စကားဝိုင်း ဆွေးနွေးခြင်း (စကားရည်လုခြင်းလုပ်ငန်းစုကို ကြည့်ပါ) တို့ပါဝင်သည်။ ထိုကိစ္စရပ်များကို နောက်ထပ်ဆောင်ရွက်ရန် ပြင်းပြနေလျှင် ၎င်းတို့ခံစားမှုနှင့် စိတ်တွင်းပေါ်လာသည့်အတိုင်း လုပ်ဆောင်ပါစေ။ သင့်အနေဖြင့် ပံ့ပိုးကူညီမှု ပေးပါ။ ဤလုပ်ငန်းစုဖြင့် ထိုသို့သော လုပ်ကိုင်မှုများပေါ်ထွက်လာရန်ကို သင်မျှော်လင့်ရမည် ဖြစ်သည်။

## ဆောင်ရန်များနှင့် ရှောင်ရန်များ



- ဤလုပ်ငန်းစု၏ အစီအစဉ်တိုင်းတွင် လူတိုင်းပါဝင်မှု ရှိပါစေ။ ဤလေ့ကျင့်ခန်းသည် အမျိုးမျိုး အသုံးဝင်သော အရေးကြီးသည့် လေ့ကျင့်ခန်း ဖြစ်သည်။ လုပ်ငန်းကမ္ဘာမည်သို့ ဆောင်ရွက် သည်ကို ထိုးထွင်းသိမြင်စေရုံမျှမကပါ။ ၎င်းတို့၏ ဘဝအစိတ်အပိုင်းများကို အကောင်းဆုံး မည်သို့ အသုံးချနေသည့်နေရာ ဆိုသည်ကို ထိုးထွင်းသိမြင်စေသည်။
- ဟာသနှင့် ပေါ့ပါးစွာ ကြည်စယ်နောက်ပြောင်ခြင်းကို အစီအစဉ် သက်ဝင်မှု ရှိစေရန် သုံးစွဲပါ။ သတင်းအချက်အလက်များအများအပြားဖြင့်လေးလေး နက်နက် လုပ်ဆောင်ရမည်ဖြစ်၍ ဖြစ်သည်။
- အုပ်စုတွင်း တစ်ဦးချင်းစီကို မှတ်စုလိုက်ရေးရန် တိုက်တွန်းပါ။ ဆွေးနွေးသည့်အခါများတွင် မေးလာ သည့် အဓိကအချက်များကို လိုက်မှတ်သည့် မှတ်တမ်းတင်သူအဖြစ်လည်း ဆောင်ရွက်ပါစေ။ ယင်းသည်လူရွယ်များအတွက် သင်ယူမှတ်သားရန် လိုသည့်

ကျွမ်းကျင်မှုဖြစ်ပြီး အလွန်အသုံးဝင် သည့် အတွေ့အကြုံလည်း ဖြစ်သည်။ ၎င်းတို့၏ ပညာရေးတွင် ကောင်းစွာ အသုံးချနိုင်မည် ဖြစ်သည်။

- အုပ်စုနှင့် တစ်ဦးချင်းစီက မေးလာသော အရေးကြီးသည့်အချက်များကို သင်ကိုယ်တိုင် ရေးမှတ် ထားပါ။
- ဤလေ့ကျင့်ခန်းကို ပြန်လည်အနှစ်ချုပ်ခြင်းကို အကျိုးရှိစွာ အသုံးချပါ။ အုပ်စုအား လွတ်လပ်စွာနှင့် ပွင့်လင်းစွာ ဖေါ်ထုတ်ခွင့် ပြုပါ။
- အထူးသဖြင့် တွေ့ဆုံမေးမြန်းချိန် သို့မဟုတ် စကားရည်လုချိန်တို့တွင် ဗွီဒီယို ကင်မရာ သို့မဟုတ် ကွန်ပျူတာ ရရှိနိုင်လျှင် သုံးစွဲပါ။
- ဤလုပ်ငန်းစုတွင် လေ့ကျင့်ခန်းအားလုံးကို ဆောင်ရွက်အကောင်အထည်ဖေါ်ရန် မလိုပါ။ အချိန်/ အရင်းအမြစ်နှင့် အခြားအဟန့်အတားများပေါ် မူတည်၍ လေ့ကျင့်ခန်းတစ်ခုတည်းသာ လုပ်နိုင်ပါ သည်။ အုပ်စု၏အခြေအနေနှင့် လိုအပ်ချက်တို့ဖြင့် ကိုက်ညီမည့် အကောင်းဆုံးတစ်ခုကို ရွေးပါ။
- တွေ့ဆုံမေးမြန်းခြင်းများကို အပြည့်အဝ ဆွေးနွေးပါစေ။ ထို့နောက် သေချာစွာ ပြင်ဆင်ပြီး နောက် ဆက်တွဲစောင့်ကြည့်လေ့လာမှု ရှိပါစေ။ (တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်း လုပ်ငန်းစုကို ကြည့်ပါ။)
- လေ့ကျင့်ခန်းများတွင် ပါဝင်ခဲ့သူများထံ ကျေးဇူးတင်ကြောင်း စာများရေးသားပေးပို့ရန် အုပ်စုကို တိုက်တွန်းပါ။
- လူရွယ်များအား ၎င်းတို့ကို အထင်သေးခံရမည့် အခြေအနေမျိုးတွင် မပါဝင်စေရပါ။ အထူးသဖြင့် တွေ့ဆုံမေးမြန်းခြင်းတွင် မသင့်လျော်လျှင် ဖြစ်သည်။ သို့မဟုတ် ဦးဆောင်ပြီး ပြောရေးဆိုခွင့်ရှိသူ အဖြစ် လုပ်ရမည့်အလုပ်မျိုး ဖြစ်သည်။ လူတိုင်း မိမိတို့နှင့် သင့်လျော်သည့် အခန်းကဏ္ဍကို ရှာဖွေ ခွင့် ရှိစေရမည်။ လူရွယ်တိုင်း ၎င်းတို့ပါဝင်ရမည့် အခန်းကဏ္ဍကို စိတ်ကျေနပ်မှု ရှိစေရန် လုပ်ငန်း စဉ်တွင် သင့်အနေဖြင့် ပံ့ပိုးမှု ပေးသင့်သည်။
- အုပ်စုဝင်တိုင်း သုတေသနလုပ်ငန်းများတွင် ပါဝင်စေရမည်။ စာရေးခြင်းကဲ့သို့မျိုးတွင် ဖြစ်သည်။ ယင်းသည် လူမှုရေး၊ ပုဂ္ဂိုလ်ရေးနှင့် ပြောဆိုဆက်ဆံရေးတို့တွင် ကျွမ်းကျင်မှု ရှိစေသည်။
- ဤလုပ်ငန်းစုတွင် တာဝန်ပေးမှုများကို အလွန်အကျွံ အပြိုင်အဆိုင် မဖြစ်စေရပါ။
- တာဝန်ပေးထားသော အလုပ်များ၏ စာတမ်းများအားလုံးမှ ကောက်နုတ် ဖတ်ပြရမည်။ အကောင်းဆုံးနှင့် အဆီလျော်ဆုံးဟု



သင်ထင်သည့်စာတမ်းကို ရွေးမဖတ်ရပါ။ လူတိုင်း၏အလုပ်နှင့် ရှုမြင်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး မျှမျှတတရှိကာ အကဲဖြတ်ဆုံးဖြတ်ခြင်း မပြုရ ပါ။

- ပြီးသွားသောအလုပ်များနှင့် လူမှုရေးဆိုင်ရာ တွေ့ဆုံပြောဆိုခြင်းများ ပြုလုပ်နေချိန်များတွင် အုပ်စု အား လှောင်ပြောင်ခြင်း မပြုလုပ်စေရပါ။
- သုံးပွင့်ဆိုင်စကားရည်လုလေ့ကျင့်ခန်းပြီးနောက် အုပ်စုနောက်ထပ်လုပ်လိုသော အလုပ်များတွင် ထောက်ပံ့မှု အပြည့်ပေးပါ။ သင်၏ထောက်ပံ့မှုနှင့် အားပေးခြင်းတို့သည် ၎င်းတို့အတွက် အလွန် အရေးကြီးပါသည်။ အုပ်စုအတွင်း ယုံကြည်မှု ခိုင်မြဲစေရန် ထပ်မံ အားဖြည့်ပေးနိုင်သည်။



## အပြီးသတ်ဆွေးနွေးခြင်း

*သင်ကြားချိန် တစ်ချိန်*

နောက်ဆုံးလေ့ကျင့်ခန်း ပြီးသွားလျှင် အုပ်စုအား တွေ့နေကျအခန်း သို့မဟုတ် စာကြည့်ခန်းတွင် ပြန်စုစေ ပြီး စိတ်လက်ပေါ့ပါး၊ စိတ်လွတ်ကိုယ်လွတ် ရှိနေပါစေ။ ဤပြန်လည်အကျဉ်းချုံးခြင်းအစီအစဉ်တွင် ပြင်ပ အထောက်အကူ ပေးသူရှိခဲ့လျှင် ပါဝင်ပါစေ။ လေ့ကျင့်ခန်းရလာဒ်ကို သင်ရှေ့တွင် ရှိနေပါစေ။ ယင်းတို့ သည် တာဝန်ပေးထားသော အလုပ်များ၏ရလာဒ်များ၊ တွေ့ဆုံမေးမြန်းခြင်း အစီရင်ခံစာများ၊ ဗွီဒီယိုအခွေ များ သို့မဟုတ် သုံးပွင့်ဆိုင်စ ကားရည်လုပွဲရလာဒ်များ ဖြစ်နိုင်ပါသည်။ အုပ်စုဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် အကြောင်း ပြောပါ။ လေ့ကျင့်ခန်းများ၏ အပိုင်းတစ်ခုချင်းကို ဆွေးနွေးရန် တိုက်တွန်းပါ။ ပြင်ဆင်ခြင်းမှ အကြမ်းထည်ပြုစုခြင်းမှ လုပ်ငန်းဆောင်ရွက်ပြီး နောက်ဆက်တွဲ စောင့်ကြည့်ခြင်း တို့ဖြစ်သည်။ ၎င်းတို့ အပျော်ရွှင်ဆုံးအပိုင်းနှင့် စိတ်ဝင်စားမှုနည်းသော အကြောင်းများမှာ မည်သည်တို့ ဖြစ်သည်ကို သိရန် လုပ်ပါ။ ဆက်စပ်မှုရှိသော ကိစ္စရပ်များကို ၎င်းတို့အနေဖြင့် လွတ်လပ်စွာ နှင့် ပွင့်လင်းစွာ ပြောဆိုပါစေ။ အုပ်စုအတွင်း တဖြည်းဖြည်းခိုင်မြဲမှုရှိပြီး ယုံကြည်မှု ရှိလာပြီဖြစ်၍ စီမံချက်နှင့် ပတ်သက်၍ ဖေါ်ထုတ်ခွင့် ပေးရပါ မည်။

သင်၏အုပ်စုပါဝင်ရသည့် အလုပ်သဘာဝနှင့် ပမာဏအနေနှင့် ကြည့်မည်ဆိုလျှင် ဤလုပ်ငန်းစုကို အပြီး သတ်ဆွေးနွေးရခြင်းသည် အလွန်အရေးကြီးမည် ဖြစ်ပါသည်။ ကလေးအလုပ်သမားအကြောင်း လူရွယ်များ အသိတရားတိုးပွားလာရေး လုပ်ငန်းစဉ်တွင် လုပ်ငန်းကမ္ဘာလုပ်ငန်းစုသည် အရေးကြီးသော အစိတ်အပိုင်း တစ်ရပ် ဖြစ်သည်။ ဆွေးနွေးအဖြေရှာရမ

ည့်ကိစ္စရပ်များကို အခြေအနေတစ်ခုအတွင်း သွတ်သွင်းသွားစေ သည်။ ကလေးအလုပ်သမား အဘယ်ကြောင့် ဖြစ်ရသည်ဆိုသည်နှင့် ကလေးများကို မည်သို့ ကာကွယ် စောင့်ရှောက်နိုင်သည်ကို သိသွားစေနိုင်သည်။ သုံးပွင့်ဆိုင်စကားရည်လုခြင်းဖြင့် လုပ်ငန်းကမ္ဘာ၏ ရှုပ်ထွေး မှုကို ပို၍နားလည်လက်ခံသွားစေသည်။ အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများသည် ပြဿနာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သကဲ့သို့ ဖြေရှင်းရာတွင်လည်း အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို နားလည်လက်ခံ သွားသည်။

တွေ့ဆုံမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်း၊ သုတေသနနှင့် သတင်းအချက်အလက်နှင့် စကားရည်လုခြင်း လုပ်ငန်းစုများ၏ အပြီးသတ်ဆွေးနွေးခြင်းအပိုင်းကို ပြန်ကြည့်ပါ။ ဤလုပ်ငန်းစု၏အပြီးသတ်လုပ်ငန်းစု အတွက် အလွန်အသုံးဝင်သော သတင်းအချက်အလက်များ ပါရှိပါသည်။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း

ဤလုပ်ငန်းစုအတွက် တိုင်းတာနိုင်သည့် အရာများတွင် ထွက်ပေါ်လာမည့်တိုင်းတာနိုင်သော အရာများ ရှိသည်။ အချို့သည ထွက်ပေါ်လာခြင်းရှိပြီး အချို့သည် ထွက်ပေါ်လာခြင်း မရှိသေးသည်သာ ရှိသည်။ မည်သည့်လေ့ကျင့်ခန်းကို ဆောင်ရွက်အကောင်အထည်ဖေါ်မည်ဆို သည့် သင့်ဆုံးဖြတ်ချက်ပေါ်မူတည်၍ အုပ်စုအနေဖြင့် ကလေးအလုပ်သမား ဆိုင်ရာသုတေသနပြုရန် တာဝန်ပေးချက်များကို ဆောင်ရွက်ပြီး ဖြစ်မည် ဖြစ်သည်။ တွေ့ဆုံမေးမြန်းခြင်းလည်း လုပ်ခဲ့ပြီး ဖြစ်နိုင်သည်။ သုံးပွင့်ဆိုင်စကားရည်လုခြင်း လည်း လုပ်ခဲ့ပြီး ဖြစ်မည် ဖြစ်သည်။



အချိန်တိုအတွင်း ဤလုပ်ငန်းစုကို တိုင်းတာနိုင်သည့် အချို့အရာများသည်သိသာဦးမည် မဟုတ်ပါ။ နောက်ပိုင်းလုပ်ငန်းစုများတွင် တစ်ဦးချင်းတိုးတက်မှုရှိလာမှ သိနိုင်သည်။ ထိုအခါ ဤလုပ်ငန်းစု၏ အောင်မြင်မှုကို သိလာမည် ဖြစ်သည်။ သုံးပွင့်ဆိုင်စကားရည်လုခြင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်း မည်ဖြစ်ပြီး အရှိန်အဟုန်ရှိပြီး တက်ကြွသည့်လုပ်ငန်းစဉ် ဖြစ်သည်။

လုပ်ငန်းစုသည် အစိုးရများ၊ အလုပ်သမားများနှင့် အလုပ်ရှင်များအဖွဲ့များဖြင့် ဆက်သွယ်မှုပြုရန် လူရွယ်များကို လမ်းဖွင့်ပေးပါသည်။ ယခုလက်ရှိအခြေအနေအတွက် အရေးကြီးပါသည်။ သို့သော် တစ်ဦးချင်းအနေဖြင့် ၎င်းတို့၏အနာဂါတ်ပညာရေးနှင့်

သက်မွေးဝမ်းကြောင်းကိစ္စများအတွက် ပို၍အရေးကြီး သော အသုံးဝင်မှုများ ရှိနေနိုင်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာဖွံ့ဖြိုးမှုနှင့် ဆက်ဆံရေးကျွမ်းကျင်မှုအတွက် ကောင်းသော သင်ယူမှုအခွင့်အလမ်းတစ်ခု ဖြစ်သည်။ လူရွယ်များ၏ တာဝန်ယူလိုမှုစိတ်လည်း ပိုနက်ရှိုင်း လာစေသည်။ ၎င်းတို့ကိုယ်တိုင် အရေးကြီးသောပုဂ္ဂိုလ်များနှင့် ပညာရှင်များ နေရာဝင်ယူရ၍ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ တွေးသည့်အတိုင်း တွေးရသည်။ အချို့ကိစ္စရပ်များအတွက် ရပ်တည်ချက်တစ်ခု ရှိရသည်။ ကမ္ဘာ့အနှံ့ ကလေးအလုပ်သမား ပပျောက်ရေး လှုပ်ရှားမှုတွင် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမား များ၊ အဖွဲ့အစည်းများ မည်သည်ကို လုပ်ဆောင်နိုင်သည်ကို သိရှိနားလည်လာစေသည်။

သင့်အနေဖြင့် စိတ်ကျေနပ်သည်အထိ ဤလုပ်ငန်းစုကို အဆုံးသတ်နိုင်ခဲ့လျှင် နောက်လုပ်ငန်းစုအသစ် စတင်ပါ။ လူထုဆက်သွယ်ရေးလုပ်ငန်းစု နှစ်ခုကို ဆောင်ရွက်အကောင်အထည်မဖော်ရသေးလျှင် ယင်းတို့ ကို လုပ်ပါ။ သို့တည်းမဟုတ် ကိုယ်စားသရုပ်ဆောင်ခြင်းနှင့် ပြဇာတ်လုပ်ငန်းစုများကို လုပ်နိုင်ပါသည်။

# နောက်ဆက်တွဲ ၁။

## စကားရည်လုခြင်းလေ့ကျင့်ခန်းတွင်သုံးစွဲရန် သုံးပွင့်ဆိုင်အဖွဲ့အတွက် စဉ်းစားရမည့် အချက်များ

### အစိုးရအဖွဲ့

အဓိက စိတ်ဝင်စားရမည့်အချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- *တရားဥပဒေ* - လူပုဂ္ဂိုလ်များအား အကာအကွယ်ပေးရန်၊ စီးပွားရေးလုပ်ကိုင်ရန်၊ အလုပ်လုပ်သူများအား အကာအကွယ်ပေးရန်၊ ကလေးသူငယ်များအား အကာအကွယ်ပေးရန် လူမှုအဖွဲ့အစည်းအနေဖြင့် စုစုစည်းစည်းဖြင့် ဖွံ့ဖြိုးရန်အတွက်လိုအပ်သော နိုင်ငံတော်ဥပဒေများ။

- *လူထုဂန်ဆောင်မှုများ* - ပြည်သူလူထုအတွက် အစိုးရက မည်သည့်ဝန်ဆောင်မှုများ ပေးပါသလဲ။ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး။ ယင်းဝန်ဆောင်မှုများအတွက် မည်သို့ငွေပေးချေရပါသလဲ။ မည်သို့ဖြန့်ကျက်ဆောင်ရွက်ပါသလဲ။ လူတိုင်းပညာသင်ခွင့် ရှိသလား။ အစိုးရ၏ အခမဲ့ပညာရေးဖြစ်သင့်သလား။ တတ်နိုင်သလား။ မတတ်နိုင်ဘူးလား။ လူထုအနေဖြင့် တစ်စုံတစ်ခုပေးရန်လိုသလား။ ကျန်းမာရေးစောင့်ရှောက်မှုသည် အခမဲ့လား။ သို့မဟုတ် လူထုက ဆေးကုသစရိတ်ကျခံရသလား။အစိုးရအနေဖြင့် အရည်အသွေးရှိသော လူထုရေးရာတာဝန်ထမ်းဆောင်နိုင်သလား။

- *လူမှုဝန်ထမ်း* - လိုအပ်ချက်ရှိနေသော ပုဂ္ဂိုလ်များကို အစိုးရက မည်သို့ ကြည့်ရှုစောင့်ရှောက်သလဲ။ မရှိနွမ်းပါးမှုကို မည်သို့ဖြေရှင်းသလဲ။ အစိုးရအနေဖြင့် လူမှုဝန်ထမ်းအတွက်တတ်နိုင်သလား။ အစိုးရ၏ အထောက်အပံ့အတွက် စံနှုန်းများမှာ အဘယ်နည်း။ လူဦးရေ တိုးပွားမှုအတွက် အစိုးရဆောင်ရွက်သလား။ မည်သို့ ဆောင်ရွက်သလဲ။

- *စီမံကိန်း* - တိုင်းပြည်တွင် မြို့ကြီးများ ရှိသလား။ ၎င်းတို့ကို သေချာစွာ ထိန်းချုပ်နေသလား။ ထိရောက်သော မြို့ပြစီမံကိန်း ရှိသလား။ ကျေးလက်တောရွာမှ ပုဂ္ဂိုလ်များ မြို့သို့ပြောင်းရွှေ့ကြသလား။ မည်သို့ပြောင်းကြသလဲ။ ယင်းလျော့နည်းသွားရန် လုပ်နိုင်သလား။ လူထုအနေဖြင့် တောရွာများတွင် နေရန် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးပြီး ဆွဲဆောင်မှု ရှိသလား။ စီမံကိန်းသည် သယ်ယူပို့ဆောင်ရေးနှင့် လူထုဂန်ဆောင်မှုဖြင့် ချိတ်ဆက်သလား။ ကျေးရွာများတွင် ကျောင်းများနှင့် ဆရာဆရာမများ လုံလောက်သလား။

- *အစိုးရအမျိုးအစား* - ဗဟိုအစိုးရက အစစအရာရာထိန်းချုပ် စီမံခန့်ခွဲပြီး ဘဏ္ဍာငွေ ထောက်ပံ့သလား။ သို့မဟုတ် ပို၍ ဒီမိုကရေစီ ဆန်သင့်သည်ဟု အစိုးရက ထင်သလား။ ဗဟိုချုပ်ကိုင်မှုလျော့ချပြီး ထိရောက်မှုတမှုရှိသလား။ ဒေသအစိုးရများဖွဲ့ပြီး ၎င်းတို့နယ်မြေအတွင်း ၎င်းတို့အရေး ကိစ္စကို အရေးယူဆောင်ရွက်စေသလား။ သို့ဖြစ်လျှင် ဗဟိုအစိုးရသည် ဒေသအစိုးရများကို ထိန်းချုပ်မှုရှိသလား။ သို့မဟုတ် ဒေသအစိုးရသည် ဒီမိုကရေစီနည်းအရ ရွေးချယ်သည့် နိုင်ငံရေးသမားများဖြင့် စီမံခန့်ခွဲသလား။ ယင်းတို့သည် နိုင်ငံအတွင်းရှိ ၎င်းတို့အပိုင် နယ်မြေများတွင်

လုပ်ငန်းများကို လည်ပတ်စေသလား။ ဥပမာ - အလုပ်နေရာများ၊ ပညာရေး အစရှိသည်တို့တွင် ထိန်းချုပ်သလား။

- *နိုင်ငံသားအခွင့်အရေးများ၊ လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများ* - ကလေးသူငယ်များ အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေးအားလုံးကို အပြည့်အဝ လေးစားပါမည်ဟု ကြေငြာပြီး လူထု၏ထောက်ခံမှုကိုအစိုးရကရယူသလား။ အလုပ်သမားများအနေဖြင့်အလုပ်သမားသမဂ္ဂ အခွင့်အရေးများအပြည့်အဝ ခံစားလိုသလား။ မည်မျှအထိ ဒီမိုကရေစီ ဆန်သလဲ။ မည်သည့် အတိုင်းအတာ ရှိသလဲ။

## အလုပ်ရှင်များအဖွဲ့

အဓိက စိတ်ဝင်စားရမည့် အချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- *တရားဥပဒေ* - အလုပ်သမားများ၏ အသက်အရွယ်ကဲ့သို့သောစီမံ၍ ရနိုင်သော ဥပဒေမျိုးကို အလုပ်ရှင် များ က ရှိစေလိုပါသနည်း။ ၎င်းတို့၏ အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ကို တားဆီးရန် ကြိုးပမ်းလိုကြပါသလား။ သို့မဟုတ် လစာတိုးမြှင့်ရန် သို့မဟုတ် လုပ်ငန်းခွင် ပိုကောင်းရန် တောင်းဆို ခြင်းကို တားဆီးပါသလား။ အလုပ်သမားကြီးကြပ်စစ်ဆေးခြင်းကို မည်သို့ ပိုကောင်း ပိုထိရောက်မှု ရှိစေမှုအပေါ် အလုပ်ရှင်များ မည်သို့ တုန့်ပြန်သင့်သနည်း။ လူရွယ်များနှင့် ကလေးများကို အကာ အကွယ် ပေးသည့် ပိုကောင်းသော ဥပဒေများကို ၎င်းတို့ ကြိုဆိုမည်လား။
- *လူမှုရေးတာဝန်* - စာသင်ကျောင်းများ၊ ရပ်ရွာဖွံ့ဖြိုးရေး၊ လမ်းတံတားဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ဖန်တီး ရေး၊ အညစ်အကြေးစနစ်တကျစွန့်ပစ်မှုပြည့်စုံရေး၊ ပတ်ဝန်းကျင်ကာကွယ်တားဆီးရေး၊ အစရှိသည် တို့တွင် အလုပ်ရှင်များ ရင်းနှီးမြှုပ်နှံသင့်ပါသလား။ အလုပ်ရှင်များအနေဖြင့် လူမှုရေးတာဝန်များ ယူသင့် ပါသလား။ လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပျက်မှုသည် ၎င်းတို့နှင့် သက်ဆိုင်သည်ဟု ယူဆကြပါသလား။
- *ပုဂ္ဂလိကပိုင်နှင့် လူထုဝန်ဆောင်မှု* - အခွန်ဆောင်သူများပေးသည့်ငွေများဖြင့် အရည်အသွေးရှိသော လူထုဝန်ဆောင်မှုကို ဆောင်ရွက်သည့်အစိုးရမျိုးကို အလုပ်ရှင်များပိုနှစ်သက်လိုလားပါသလား။ သို့မဟုတ် ယင်းဝန်ဆောင်မှုများကို ၎င်းတို့ လွှဲပြောင်းယူလိုပါသလား။ ဝန်ဆောင်မှု အရည်အသွေး ရှိစေကာ ကုန်ကျစရိတ်နည်းနည်းဖြင့်ဆောင်ရွက်ပြီး အကျိုးအမြတ်ရှိသော လုပ်ငန်းအဖြစ် ပြောင်းလဲလိုသလား။ ထို့ကြောင့် အမြင့်ဆုံး ဈေးပေးနိုင် သူကို လေလံပေးပြီး ဝန်ဆောင်မှုကို ပုဂ္ဂလိကပိုင်အဖြစ် အလုပ်ရှင်များက ပြုလုပ်လိုသလား။ ထိုဝန်ဆောင်မှုများကို အလုပ်ရှင်များ နောက်ပိုင်း မည်သို့ ဆောင်ရွက်မည်နည်း။ ဥပမာ - ပညာရေး ဝန်ဆောင်မှုကို ပုဂ္ဂလိကပိုင် ဖြစ်သင့်သည် ဟု၎င်းတို့ ထင်သလား။ သို့မဟုတ် အစိုးရကသာ ဆက်လက်တာဝန်ယူသင့် သည်ဟုထင်သ လား။
- *လူမှုဝန်ထမ်း* - အငြိမ်းစားလစာ၊ နာမကျန်းခွင့်၊ မီးဖွားခွင့်၊ အလုပ်သမားများ၏ ကလေးပညာရေး အစ ရှိသည်တို့သည် ငွေကြေးကုန်ကျမှု ရှိပါသည်။ အစိုးရအား ကျန်းမာရေး စောင့်ရှောက်မှု စရိတ် ထည့်ဝင် ရမှုထဲမှ လူများ ဆေးကုသ စောင့်ရှောက်ခံရမှု ရရှိကြပါသည်။ ထိုအတွက်လည်း ငွေကုန်ကျမှု ရှိပါ သည်။ ၎င်းတို့အလုပ်သမားများအတွက် လူမှုဝန်ဆောင်မှု စရိတ်အတွက် ကုန်ကျစရိတ်အချို့ သို့မဟုတ် အားလုံးကို ပေးသင့်သည်ဟု အလုပ်ရှင်က ထင်မြင်ကြပါသလား။

သို့မဟုတ် အလုပ်သမား များက ၎င်းတို့ရသည့်လစာမှ ထိုကုန်ကျစရိတ်အားလုံးအတွက် ပေးရမည်လား။ အလုပ်ရှင်များအနေ ဖြင့် ၎င်းတို့အလုပ်သမားများ အငြိမ်းစားယူခဲ့လျှင် ပေးရမည့်အငြိမ်းစားလစာကို ၎င်းတို့ကိုယ်ပိုင် အစီ အစဉ် ထားရှိလိုသလား။ သို့မဟုတ် နိုင်ငံတော်၏ အငြိမ်းစားလစာအစီအစဉ်တွင် ထည့်သွင်းလိုသလား။ ကလေးများအတွက် ပြုစုစောင့်ရှောက်မှုပေးရန် လိုသည့်အမျိုးသမီးဝန်ထမ်းများကဲ့သို့ အကူအညီလို သည့် အလုပ်သမားများကို ၎င်းတို့အနေဖြင့် အကူအညီ ပေးသင့်ပါသလား။ ပညာရေးအတွက် အကူ အညီပေးခြင်းဖြင့် အလုပ်သမားများ ပို၍တိုးတက်လာခြင်း၊ ဘဏ်တိုးများ မတတ်နိုင်သူများကို ငွေချေး ပေးခြင်း အစရှိသည်တို့တွင် အကူအညီ ပေးသင့်ပါသလား။ အလုပ်ရှင်များအတွက် လူမှုရေး စရိတ်  အတွက် အလုပ်ရှင်များက မည်မျှ တာဝန်ယူသင့်သနည်း။ ၎င်းတို့၏ အလုပ်သမားများ၊ ရပ်ရွာများ၊ အစိုးရနှင့် နိုင်ငံတော်အတွက် ၎င်းတို့ ဂရုစိုက်ရန် လိုသည်ဟု ထင်ပါသလား။

- *အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အခွင့်အရေးများ* -  အလုပ်သမားများအား အင်အားတောင့်တင်း သည့် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့များတွင် ပါဝင်ခွင့်ပေးခဲ့လျှင် အလုပ်ရှင်များ၏ အကျိုး စီးပွား ထိခိုက်နိုင်ပါသလား။ ယင်းအဖွဲ့များသည် လူထုထင်မြင်ယူဆမှုနှင့် အစိုးရများပေါ် လွှမ်းမိုးမှု ရှိနိုင်သည်။ အလုပ်ရှင်များအနေဖြင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သို့ ထင်မြင်ယူဆပါသလဲ။ ယင်းတို့ကို လူတိုင်းအတွက် ခွင့်ပြုရန် လက်ခံကျင့်သုံး သင့်ပါသလား။ အချို့ကိစ္စရပ်များအတွက် အချို့ပုဂ္ဂိုလ်များကို တနည်းနည်းဖြင့် ကန့်သတ်ရန် လိုပါသလား။ မည်သူက ဆုံးဖြတ်မည်နည်း။ အလုပ်ရှင်များ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ သုံးစွဲသင့်ပါသလား။ အလုပ်ရှင်များ၏ အခွင့်အရေးများမှာ မည်သည်တို့ ဖြစ်သင့်သည်ကို အခြားသူများအား ပြောခွင့်ပေး သင့်ပါသလား။ အဘယ်ကြောင့်နည်း။ အစိုးရအနေနှင့် မည်သို့ဖြစ်နိုင်မည်နည်း။ အလုပ်ရှင်များအတွက် ဥပဒေနှင့် နည်းဥပဒေများကို ပြဌာန်းသင့်စေသလား။ ၎င်းတို့ကို လိုလားသော အခွင့်အရေး အချို့ကို ကန့်သတ် သင့်သလား။
- *အဖွဲ့အစည်း* -  အလုပ်ရှင်များ ၎င်းတို့ အကျိုးစီးပွားအတွက် စုစည်းညီညာရန် လိုသလား။ ၎င်းတို့အနေ ဖြင့် ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်ပြီး အစိုးရနှင့် အလုပ်သမားများဖြင့် ဆွေးနွေးသဘောတူ နိုင်သည်ဟု ယုံကြည်သလား။ သို့မဟုတ် ၎င်းတို့အားလုံးကို ကိုယ်စားပြုသည့် ညွန့်ပေါင်းအဖွဲ့ ဖွဲ့လျှင် ပို၍ အင်အား ကောင်းနိုင်သည်ဟု ထင်ကြသလား။ ယင်းသည် ဩဇာရှိသည့် ဆွဲဆောင်သိမ်းသွင်းနိုင်သော အဖွဲ့ ဖြစ် လာမည် ဖြစ်သည်။

## အလုပ်သမားများအုပ်စု

အဓိက စိတ်ဝင်စားရမည့် အချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- *အလုပ်သမားသမဂ္ဂ တာဝန်ဝတ္တရားများ/ဖွဲ့စည်းပုံ* - အလုပ်သမားသမဂ္ဂများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ မည်သူတို့ကို ကိုယ်စားပြုမည်နည်း။ အဖွဲ့ဝင်များ၊ အဖွဲ့ဝင်အဖြစ် အဖွဲ့ဝင်ကြေး ပေးသူ များနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို သုံးစွဲသူများ သို့မဟုတ် ၎င်းတို့အဖွဲ့ဝင်များ၏ မိသားစုအတွက်ပါ လုပ်ဆောင်သလား။ အလုပ်နှင့် ဆိုင်သောကိစ္စအပြင် အခြားအရေးကိစ္စများနှင့် ဆိုင်သလား။ ပတ်ဝန်း ကျင်အပေါ် စိတ်ဝင်စားမှု ရှိသလား။ ပစ်ပါယ်ခံနှင့် အန္တရာယ်ကြုံတွေ့နိုင်သူများကို စိတ်ဝင်စားသလား။ ကာကွယ်တားဆီးရေးနှင့်

လူမှုအဖွဲ့အစည်းတွင် ၎င်းတို့ အခန်းကဏ္ဍ ရှိသလား။ ယင်းတို့ကို လုံခြုံစွာ နှင့် ထိရောက်စွာ ဖွံ့ဖြိုးစေနိုင်သလား။ ၎င်းတို့ ဝင်ငွေ ဘယ်လိုရသလဲ။ ၎င်းတို့အတွက် လစာငွေများ နှင့် ငွေပေးချေစရာများကို မည်သူက ပေးသလဲ။ ယင်းမှာ ၎င်းတို့၏ လွတ်လပ်ခွင့်အတွက် မည်သို့ သဘောသက်ရောက်စေသနည်း။ ၎င်းတို့ကို အဖွဲ့ဝင်များက မည်သည်ကို ပြုလုပ်ရန် ပြော သလား။ သို့မဟုတ် ၎င်းတို့က အဖွဲ့ဝင်များကို မည်သည်ကို ပြုလုပ်ရန် ပြောသလား။ အလုပ်ရှင်များ သို့မဟုတ် အစိုးရထံမှ အကျိုးခံစားခွင့် ငွေ တမျိုးမျိုး ရသလား။ အဘယ်ကြောင့်နည်း။ မည်သို့ရသနည်း။ ယင်းသည် အစိုးရနှင့် အလုပ်ရှင်များက ၎င်းတို့အား မည်သည်နှင့် မည်သို့ လုပ်ရမည်ကို ပြော၍ ရသည်ဟု ဆိုလိုသလား။

- *ဥပဒေပြုခြင်း* - ၎င်းတို့အဖွဲ့ဝင်များနှင့် ၎င်းတို့မိသားစုများကို အကာအကွယ်ပေးမည့်၊ လူမှုအဖွဲ့အစည်း အတွင်းမှ အန္တရာယ်တွေ့ကြုံနိုင်သူများနှင့် ပတ်ဝန်းကျင်ကို အကာအကွယ်ပေးမည့်၊ဒီမိုကရေစီရေးနှင့် လူ့အခြေခံအခွင့်အရေးများကို အာမခံချက်ပေးမည့် ဥပဒေမူဘောင်များ ဖေါ်ထုတ်ရန် အလုပ်သမား သမဂ္ဂများနှင့် သက်ဆိုင်မည်ဖြစ်သည်။ အခြားအဖွဲ့များထဲမှ တဖွဲ့ဖွဲ့က ၎င်းတို့၏ လိုအပ်ချက်နှင့်လိုလား ချက်များအတွက် ကိုက်ညီမည့် ဥပဒေများကို ပြဌာန်းအခွင့်အာဏာမရှိစေရန်လိုလားမည်ဖြစ်သည်။။ အလုပ်ရှင်များနှင့် အစိုးရဖြင့် အပြန်အလှန်ထိန်းညှိရန်၎င်းတို့ ကြိုးပမ်းလုပ်ဆောင်မည် ဖြစ်သည်။ လူရွယ်များအလုပ်လုပ်ခွင့်ရလျှင် ၎င်းတို့၏ ပြု အသက်ကန့်သတ်ချက်ကို သတ်မှတ်ရန် အရေးကြီးသည်။ အသက်အပိုင်းအခြားသည် မည်သည့်အသက် ဖြစ်သင့်သနည်း။ ညဖက်အလုပ်လုပ်ခြင်း၊ အချိန်အကြာကြီး အလုပ်လုပ်ခြင်း၊ လစာနည်းနည်းဖြင့်လုပ်ခြင်း၊ အသက်သေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်သည့် အလုပ်မျိုးကို လူရွယ်များအား လုပ်ခွင့်ပေးသင့်သလား။ လူရွယ်များ၏ စိတ်အခြေအနေ သို့မဟုတ် ကိုယ်ကျင့်တရားကို ထိခိုက်စေမည့် အလုပ်များမှာ မည်သည်တို့ ဖြစ်သနည်း။ ထိုလူရွယ်များကို သမဂ္ဂ က မည်သို့ အကာအကွယ်ပေးသနည်း။ သမဂ္ဂအနေဖြင့် ပါဝင်သင့်သလား။ လူရွယ်များ အလုပ်လုပ်နိုင် သည့်အသက်သည် ၎င်းတို့ကျောင်းမှ ထွက်သည့်အသက်နှင့် ဆက်စပ်မှု ရှိစေရမည် ဖြစ်သည်။ သို့ဖြစ် လျှင် ယင်းနှစ်ခုကို အစိုးရက မည်သို့ ထိန်းညှိမည်နည်း။ ကလေးများအား ခေါင်းပုံဖြတ်နေသော အလုပ်ရှင်များကို မည်သို့သော အရေးယူ အပြစ်ပေးမှု ရှိရမည်နည်း။ ယင်းအခြေအနေကို အစိုးရနှင့် အလုပ်သမားသမဂ္ဂများက မည်သို့ထိန်းကြောင်း တည့်မတ်နိုင်မည်နည်း။ ကလေးသူငယ်အလုပ်သမားအရေး ကိုယ်တွယ်ရာတွင် မည်သို့သော အခြားအချက်များ ထည့်သွင်းစဉ်းစားရန် လိုသနည်း။

- *လူမှုရေးတာဝန်* - မည်သို့ဖြစ်နေပါစေ လူမှုအဖွဲ့အစည်းသည် ဖွံ့ဖြိုးရမည်သာ ဖြစ်သည်။ အစိုးရများ နှင့် အလုပ်ရှင်များသည် ထိုလူမှုဖွံ့ဖြိုးအရေးအတွက် လုပ်ဆောင်ပေးရမည် ဖြစ်သည်။ အကယ်၍ မြို့ တစ်မြို့တွင် ကုမ္ပဏီတစ်ခုက စက်ရုံတည်ထောင်ပြီး ငွေကြေးအမြောက်အများ ရနေသည် ဆိုပါစို့။ ထိုအခါ ထို မြို့ဖွံ့ဖြိုးရေးအတွက် ထိုကုမ္ပဏီအား တစ်စုံတစ်ခု ပြုလုပ်ပေးရန်နှင့် လူထုအတွက် အကျိုး ရှိရန် တောင်းဆိုခြင်းသည် တရားမျှတမှု မရှိပေဘူးလား။ ကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် သို့မဟုတ် ပတ်ဝန်းကျင်ကို မပျက်စီးစေရန် အာမခံခြင်းအပြင် ပတ်ဝန်းကျင် ကောင်းလာရန် လုပ်ပေးရန် မတောင်းဆိုသင့်ပေဘူးလား။ လူပုဂ္ဂိုလ်များအား အကာအကွယ်ပေးရန် တစ်စုံတစ်ယောက် တွင် တာဝန်ရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်းရှိ အန္တရာယ်ရင်ဆိုင်ရဖွယ်ရှိသူ များ၊ ကလေးသူငယ်များ၊ သက်ရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ နာမကျန်း ဖြစ်သူများနှင့် ဆင်းရဲ သူများ ဖြစ်သည်။

အလုပ်သမားသမဂ္ဂများအနေဖြင့် လူမှုရေးတာဝန်ယူ သင့်ပါသလား။ နောက်ဆုံးတွင် ၎င်းတို့၏ အဓိကအရေးမှာ ၎င်းတို့၏ အဖွဲ့ဝင်များအား ကူညီထောက်ပံ့ခြင်းနှင့် အလုပ်လုပ်သည့် အခြေ အနေ တိုးတက်ကောင်းမွန်လာရေး ဖြစ်နိုင်ပါသည်။ အခြားအရေးကိစ္စများအတွက် စဉ်းစားချိန် မရခြင်း များ ရှိနိုင်ပါသည်။ သို့ဖြစ်လျှင် ၎င်းတို့ မလုပ်ခဲ့လျှင် မည်သူက လုပ်မည်နည်း။ အစိုးရလား။ အလုပ်ရှင်များလား။

- *နိုင်ငံရေးနှင့် ဘဏ္ဍာရေး လွတ်လပ်ခွင့်* - အလုပ်သမားသမဂ္ဂများသည် နိုင်ငံရေးမှ လုံးဝကင်းရှင်းရန်လိုသလား။ ၎င်းတို့ မည်သို့ ဆောင်ရွက်ရမည်၊ ၎င်းတို့အရေးကိုမည်သို့ စီမံခန့်ခွဲရမည့် ကိစ္စရပ်များ တွင် အစိုးရ (သို့မဟုတ် အလုပ်ရှင်များ) အား သမဂ္ဂများက ဝင်ရောက်စွက်ဖက်ခွင့် ပေးသင့်ပါသလား။ အစိုးရများ၊ နိုင်ငံရေးပါတီများ သို့မဟုတ် အလုပ်ရှင်များထံမှ သမဂ္ဂများအနေဖြင့် ငွေကြေးပံ့ပိုးမှု လက်ခံ သင့်ပါသလား။ အလုပ်သမားသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များက ရွေးချယ်သင့်သလား သို့မဟုတ် သမဂ္ဂတွင်းမှ အစုအဖွဲ့လေးများက တာဝန်ပေးသင့်ပါသလား။ သမဂ္ဂအနေဖြင့် ၎င်းတို့၏ လွတ်လပ်မှုကို မည်သို့ အာမခံပေးနိုင်သလဲ။ ခြစားမှု မဖြစ်ပေါ်ရေးကို မည်သို့ ကြိုးပမ်းကာကွယ်နိုင် မည်နည်း။
- *လူမှုဂန်ဆောင်မှုများ*- အစိုးရအနေဖြင့် လူမှုဂန်ဆောင်မှုတာဝန်ယူပေးခြင်းသည် အလုပ်သမားသမဂ္ဂ အတွက် မည်မျှအရေးကြီးပါသလဲ။ လူမှုဂန်ဆောင်မှုတွင် အလုပ်လုပ်နေသူများကို အလုပ်သမား သမဂ္ဂများ အနေဖြင့် စည်းရုံးသင့်သလား။ ဆိုလိုသည်မှာ ဗဟိုနှင့် ဒေသတွင်းမှ အစိုးရအလုပ်သမားများ ဖြစ်သည်။ ကောင်းမွန်သော လူမှုဝန်ဆောင်မှုကို မည်သူတို့အကျိုးခံစားရမည်နည်း။ ၎င်းတို့အနေဖြင့် အစိုးရ ဆုံးဖြတ်ချက်ကို မည်သို့ လွှမ်းမိုးနိုင်သနည်း။ အလုပ်ရှင်များ၏ အစိုးရပေါ် ဖိအားပေးမှုကို မည်မျှ လွှမ်းမိုး နိုင်သနည်း။ အလုပ်သမားသမဂ္ဂများအနေဖြင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ထောက်ခံသင့် သလား။ ဈေးကွက်လွတ်လပ်ခွင့်ရှိရေးအတွက် ငြင်းဆိုမှုများ ရှိပါသည်။ ယင်းသည် လူမှုဝန်ဆောင်မှု များအတွက်လည်း သက်ဆိုင်ပါသလား။ လူမှုဝန်ဆောင်မှုအတွက် မည်သူကငွေ ပေးဆောင်မည်နည်း။ သူတို့ဘာလုပ်ရမည်ကို မည်သူက ဆုံးဖြတ်ပါသလဲ။ စီမံခန့်ခွဲပြီး နိုင်ငံအနှံ့ မည်သို့ ခွဲဝေ ပေးပါသလဲ။
- *လူမှုဝန်ထမ်း* - အငြိမ်းစားလစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အလုပ်လက်မဲ့ အကျိုးစီးပွား၊ နာမကျန်းခွင့်၊ မီးဖွားခွင့်အစရှိသည်တို့အတွက် မည်သူက ငွေကြေးစိုက်ထုတ်ပေး မည်ကို အလုပ်သမားသမဂ္ဂများကာ မေးသင့်ပါသည်။ ထိုကုန်ကျစရိတ်များအတွက် အလုပ်သမားသမဂ္ဂများမှ ထည့်ဝင်သင့်ပါသလား။ လူမှုဝန်ထမ်းကိစ္စကို မည်သူက စီမံခန့်ခွဲမည်နည်း။ အစိုးရအပေါ် လုံးဝ တာဝန်ပေးမည်လား။ သို့မဟုတ် ဒီမိုကရေစီနည်းအရ ရွေးထားသည့် အုပ်ချုပ်ရေးအဖွဲ့က စီမံခန့်ခွဲမည် လား။ အငြင်းပွားမှုရှိလျှင် မည်သူက အဆုံးအဖြတ် ပေးမည်နည်း။ လာဘ်စားခြင်းနှင့် မလျော်မကန် ပြုမူခြင်းတို့မှ ကင်းဝေးရန် နိုင်ငံ၏ တရားစီရင်ရေးသည် အစိုးရ၏ ခြယ်လှယ်မှုမှ လွတ်လပ်ခွင့် ရှိသင့် သလား။ မရှိနွမ်းပါးမှုကို အစိုးရက မည်သို့ ကိုင်တွယ်သလဲ။ အလွန်အမင်းလိုအပ်ချက်ရှိနေသူများကို မည်သို့ကြည့်ရှုစောင့်ရှောက်မည်နည်း။ အခွန်ရာယ်ကြုံတွေ့နိုင်သူများ၊ နာမကျန်းဖြစ်နေသူများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ အပါယ်ခံများအစရှိသူတို့ဖြစ်သည်။ အကူအညီနှင့်ငွေကြေးပံ့ပိုးမှုလိုသောသူများကို မည်သို့

အမျိုးအစား ခွဲမည်ကိုမည်သူကဆုံးဖြတ်သနည်း။ ယင်းသည် အလုပ်သမားသမဂ္ဂနှင့် ဆိုင်သလား။ ၎င်းတို့၏ အဖွဲ့ဝင်များနှင့်ဆိုင်မှသာ ၎င်းတို့အနေဖြင့် ပါဝင်သင့်သလား။

- *စီးပွားရေး စီမံကိန်းနှင့် ကုန်သွယ်မှု* - ကျေးလက်ဒေသများတွင် စက်ရုံအသစ်များတည်ဆောက်ခွင့်ပေးပြီး အလုပ်သမားသမဂ္ဂအဖွဲ့၏ ကြားဝင်မှု မရှိဘဲ အလုပ်သမားများအတွက် လုပ်ခနည်းနည်းဖြင့် လုပ်ခွင့်ပြုမည်ဟု အလုပ်ရှင်အချို့ကို အစိုးရက ဂတိပေးခဲ့သည်ဆိုပါစို့။ ကလေးများကို အလုပ်ခန့်ထား လျှင်လည်း မျက်လုံးစုံမှိတ်ထားရန် သဘောတူထားသည် ဆိုပါစို့။ အလုပ်သမားသမဂ္ဂအနေဖြင့် မည်သည်ကိုပြုလုပ်မည်နည်း။ ကျေးလက်ဒေသများမှအလုပ်သမားများနှင့်ဆင်းရဲသူများအား ငွေကြေး  အနည်းငယ်နှင့် ဆိုးရွားသောအခြေအနေမျိုးများတွင် အလုပ်လုပ်နိုင်စေသည့်ကိစ္စမျိုးကဲ့သို့ နိုင်ငံ ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော ကုန်သွယ်မှုဆိုင်ရာ မေးခွန်းများကို အရေးကြီးသည့် အချက် များ အဖြစ်မသုံးရန် ၎င်းတို့မည်သို့ ပြုလုပ်ပါသလဲ။ ယင်းအခြေအနေမျိုးတွင် ကလေးများကို မည်သို့ အကာ အကွယ် ပေးနိုင်သနည်း။ နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းအတွက် လာရောက်လုပ်ကိုင်သော နိုင်ငံခြား ကုမ္ပဏီအတွက် မြေပိုင်ဆိုင်မှု ဥပဒေသည် အတူတူဖြစ်သလား။ နိုင်ငံခြားကုမ္ပဏီများတွင် အလုပ် လုပ်သောသူများအတွက်အလုပ်လုပ်ရသည့်အခြေအနေသည်မည်သို့ရှိသနည်း။၎င်းတို့ကို အလုပ် သမားသမဂ္ဂက စည်းရုံးပြီးမိမိတို့အကျိုးစီးပွားအတွက် အကာအကွယ်ပေးနိုင်သလား။ စီးပွားရေး စီမံကိန်းနှင့် ကုန်သွယ်မှုကိစ္စရပ်များ ဆုံးဖြတ်သည့်လုပ်ငန်းစဉ်တွင် အလုပ်သမားသမဂ္ဂများ ပါဝင် သင့်သလား။ ၎င်းတို့အနေဖြင့် ထိုသို့လုပ်နိုင်ရန် အရည်အချင်းပြည့်ဝပါသလား။ ယင်းဆုံးဖြတ် ချက်များ ကို အစိုးရနှင့်အလုပ်ရှင်များအားလုပ်စေသင့်သလား။ သို့မဟုတ် အခြားအဖွဲ့များ ပါဝင်သင့် သလား။ အဘယ်ကြောင့်နည်း။

- *အလုပ်သမားများ အခွင့်အရေးများနှင့် လူ့အခွင့်အရေးများ* - ယင်းသည် အလုပ်သမားသမဂ္ဂများ အတွက် အရေးကြီးသောကိစ္စရပ် ဖြစ်သည်။ ယင်းအခွင့်အရေးများရှိခြင်းသည် ၎င်းတို့လုပ်ငန်းများကို ပုံဖေါ်နိုင်၍ ဖြစ်သည်။ ယင်းအခွင့်အရေးများရှိနေရသည်ဆိုသည့်အထဲတွင်အလုပ်သမားသမဂ္ဂများ ရှိနေရသည်ဆိုသည့် အကြောင်းလည်း တစ်ခုအပါအဝင် ဖြစ်သည်။ လူ့အခွင့်အရေးကြေငြာစာတမ်း တွင် ပြဋ္ဌာန်းခဲ့သည့်အတိုင်း အလုပ်သမားတစ်ဦးစီ၊ ပုဂ္ဂိုလ်နှင့် ကလေးများသည်ထိုအခွင့်အရေးများ ရရှိရန်၎င်းတို့နှင့်သက်ဆိုင်သည်။ အလုပ်သမားသမဂ္ဂများသည် ၎င်းတို့၏ အဖွဲ့ဝင်များအား သမဂ္ဂအခွင့် အရေးများကို အပြည့် အဝခံစားစေလိုမည် ဖြစ်သည်။ ၎င်းတို့အား ကောင်းမွန်စွာ အကာအကွယ်ပေးပြီး ခုခံကာကွယ်ပေးလိုမည်ဖြစ်သည်။ သို့သော် အခြားသူများ၏ အခွင့်အရေးများသည် မည်သို့ရှိ မည်နည်း။ မည်မျှလောက်ကို ၎င်းတို့ကြည့်ရှုစောင့်ရှောက်နိုင်မည်နည်း။ လူ့အခွင့်အရေးများသည် လေးစားမှု ရှိစေ ရမည်ဆိုသည်မှာ အစိုးရ၏တာဝန်မဖြစ်သင့်ဘူးလား။ အကယ်၍ ၎င်းတို့က ယင်းအလုပ်ကိုသေချာစွာ မလုပ်ခဲ့လျှင် ကိုယ့်ကိုကိုယ်မကြည့်ရှုနိုင်သူများကို မည်သူကအကာအကွယ် ပေးမည်နည်း။ ဥပမာ - ကလေးများဖြစ်သည်။ အစိုးရနှင့် အလုပ်ရှင်များ သေချာစွာ ဆောင်ရွက်နေသည်ကို မည်သူက စောင့် ကြည့်မည်နည်း။ အခွင့်အရေးများကို လေးစားလိုက်နာမှု ရှိစေရန် မည်သို့သော ယန္တယားများ ရှိနေပါ သလဲ။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2
9 789228 312942